မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၃ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိ

ရန်ကုန် ဇွန် ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၃နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆို

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် *စာမျက်နှာ ၃ ကော်လံ ၁* ✻

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းရှိ ပန်းချီခန်းမ၌ ကျောင်းသားကျောင်းသူများ၏ ပန်းချီလက်ရာမွန်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇွန် ၃ ရက်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ကြစို့

သစ်ပင်စိုက်ခြင်းသည် လူတို့အတွက် နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေမှု၊ လောင်စာ အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိသည်။ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရေးပွဲတော်များကို ဒေသအနှံ့ဆင်နွှဲကျင်းပလေ့ရှိသည်။

သစ်ပင်စိုက်ပျိုးရာတွင် အဖိုးတန်သစ်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်မာစသည့် သစ်ပင်များပါဝင်သကဲ့သို့ အရိပ်ရပင်များ၊ လောင်စာအဖြစ်အသုံးပြုရန် အပင်များ၊ စားသုံးရန်အတွက် အပင်များ၊ ပန်းအလှပင်များလည်းပါဝင်သည်။

သစ်ပင်များကို စိုက်ပျိုးပြီးသည့်အခါ အပင်ကြီးထွားရှင်သန်စေရေးအတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးပြီး အပင်များ တိုးပွားလာရန်အတွက်လည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသများ၌ ရေဝေရေလဲသစ်တောစိုက်ခင်းများကို ထူထောင်ထားရှိပြီး မန်ကျည်း၊ တမာ၊ ထနောင်း၊ ထန်း စသော အပင်များ စိုက်ပျိုးဖြစ်ထွန်းစေခဲ့သည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် သစ်တောဦးစီးဌာန စီမံကြီးကြပ်မှုဖြင့် ၂၀၁၀ခုနှစ် မိုးရာသီ၌ လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာ၊ ယူကလစ်အပင် ၂၀ စိုက်ပျိုးရန် စီစဉ်လျက်ရှိသည်။ ၂၀၁၀ခုနှစ်အတွင်း မိုးရာသီတွင် ချောင်းဆုံမြို့နယ်၌ နတ်မော်၊ အဘစ်၊ ကမာကေး၊ ကွမ်လှာ၊ မရမ်း၊ မူရစ်ကလေး၊ ရွာလွတ်၊ ကွမ်ဘဲနှင့် ကုလားတို့၌ သစ်ပင်ပေါင်း ၁၁၀၀၀ကျော် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သစ်ပင်စိုက်ခြင်းသည် လူသားတိုင်းအတွက် အကျိုးပြုလျက်ရှိပြီး သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး မစ္စတာအဲရစ် ဆိုလ်ဟိန်းမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးနှင့်အဖွဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး မစ္စတာအဲရစ် ဆိုလ်ဟိန်းမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးသံအမတ်ကြီး မစ္စစ် မီရက်ထ်ဂျဲလ်ဒ်ဘရက်တက်စ်နှင့် နော်ဝေးအဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်းလိုက်နာရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဇွန် ၂

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အနောက်ပိုင်း ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်အိ (လက်ထောက်ညွှန်ကြားရေးမှူး) ခေါင်းဆောင်သော အဖွဲ့သည် မေ ၂၅ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းမကြီးပေါ်၌ မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် သတ်မှတ်ယာဉ်များကို မောင်းနှင်ခြင်း ရှိ မရှိ၊ စည်းကမ်း နှင့် ညီညွတ်မှု ရှိ မရှိတို့ကို ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃-၆-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား **Chile and Paraguay**
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁၈)
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အနုပညာရှင်၏တစ်နေ့တာ
၂၁။ ကုန်သွယ်သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၂၇)

မေ ၃၁ရက်က အမေရိကန်ပြည်ထောင်စုနေ **Mr. Ivan and Friends** က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၉၆၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား တွံတေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၁ရက် နံနက် ၉နာရီက တွံတေးမြို့နယ် အထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကြင်ရွှေက ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းအပ်နှံရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက အမှာစကားပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင်များလှူဒါန်းသော စာရေးကိရိယာစသည့် ကျောင်းသုံးပစ္စည်းများအတွက် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၄၈၇၄၀၀၀ကို တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဆက်ကပ်လှူဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

** ရှေ့ဖုံးမှ*

ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့ လိုက်ပါလျက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ပန်းချီခန်းမ၌ ကျောင်းသား ကျောင်းသူများ၏ ပန်းချီလက်ရာမွန်များကို ကြည့်ရှုအားပေးကြရာ ကျောင်းသား ကျောင်းသူလေးများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံ ပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကျောင်းဧည့်ခန်းမ၌ အဋ္ဌမတန်းကျောင်းသူ မနှင်းအိန္ဒြေလင်းက ဒဂုံမြို့နယ်အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၏ သတင်းအချက်အလက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်ဓာတ်ပုံ

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကျောင်းသား ကျောင်းသူလေးများ၏ မြန်မာ့ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အမှာစကားပြောကြားပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအတွက်လှူဒါန်းသည့် ကွန်ပျူတာများစာရင်းကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်က လက်ခံသည်။

အမှတ်တရလက်ဆောင်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ကျေးဇူးတင်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ကျောက်စိမ်းပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၁)အခြေခံပညာအလယ်တန်းကျောင်း၌ မြန်မာ့ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူလေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည့်ရှုစဉ်။
(သတင်းစဉ်)

လက်မှတ်ရေးထိုး

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ စေတီတော်မြတ်ကြီးအား ပန်းများဆက်ကပ်လှူဒါန်းသည်။

ပြန်လည်ပေးအပ်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုကလက်ခံပြီး ရွှေတိဂုံစေတီတော်ပုံတော်ကို ဓမ္မဒါနအဖြစ် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည့်ရှုကြပြီး စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံ

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာယဲ့တာပို ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ပညာသင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပင်လယ်ရပ်ခြား တရုတ်လူမျိုးများအား တွေ့ဆုံသည်။

(သတင်းစဉ်)

အီရတ်-အာဖဂန် သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၆၃၂ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၈၃၃၄ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၆၃၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၈၃၃၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၆၆ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၃၆၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၈၆၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၃၆၇ ဦး

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်မြို့ အမျိုးသမီးကျောင်း၌ ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်ကို ဇွန်၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂

အီရတ်နိုင်ငံမြောက်ပိုင်း ကရာကက်စ်ပြည်နယ်နှင့် နိုင်ဘေး ပြည်နယ်တွင် ဇွန် ၁ရက်က လမ်းဘေးဗုံးနှင့် ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ဇွန်၁ရက်၌ ပြောကြားသည်။

ဒဏ်ရာရရှိ

နိုင်ဘေးပြည်နယ် အနောက်ပိုင်း မိုဆူးလ်မြို့တွင် ဇွန်၁ရက် မွန်းလွဲပိုင်းက ကင်းလှည့်ယာဉ်အနီး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဖော်ပြ

ဘဂ္ဂဒက်မြို့ ကီလိုမီတာ ၂၅၀ကွာဝေးသော ကရာကက်စ်မြို့ အနောက်ပိုင်းတွင်လည်း လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်တပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗုံးပေါက်ကွဲမှုအတွင်း ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန်၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၁နောက်ပိုင်းအထိ ဆက်လက်ရှိနေဦးမည်

ကဘူးလ် ဇွန် ၂

အာဖဂန်နစ္စတန်၌ စစ်မက်ဖြစ်ပွားမှုသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမား တွက်ဆထားသည့် သတ်မှတ်ချိန်ထက် ပိုမိုကြာညောင်းဖွယ်ရှိသည်ဟု အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ တပ်မှူးဗိုလ်ချုပ်မက်ခ်ခရစ္စတယ်လ်က မေ ၃၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ မေ ၃၀ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဗိုလ်ချုပ်မက်ခ်ခရစ္စတယ်လ်က ယင်းကဲ့သို့မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ပေါ်ထွက်လာ

၂၀၁၁ခုနှစ် ဇူလိုင်လအတွင်း အာဖဂန်မှ အမေရိကန်တပ်များ စတင်ဆုတ်ခွာနိုင်မည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ထုတ်ဖော်ပြောကြားပြီးနောက် ယင်းသို့ ၎င်း၏ မှတ်ချက်ပြုပြောကြားမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုဟန့်တားရန်နှင့် ငြိမ်းချမ်းရေးရရှိစေရန်ဟူသည့် အကြောင်းပြချက်ဖြင့် အာဖဂန်နစ္စတန်သို့ ကျူးကျော်ခဲ့ကြသည်။ သို့ရာတွင် ကိုးနှစ်ကြာလာသည့်တိုင် အာဖဂန်၌ တည်ငြိမ်မှုမရရှိသည့်အပြင် အရပ်သားများမှာလည်း ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်များကို တန်ဖိုးကြီးကြီး ပေးဆပ်နေကြရဆဲဖြစ်ကြောင်း စသည်ဖြင့် အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံး

ကဘူးလ် ဇွန် ၂

အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံစုံတပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့ကို ပစ်မှတ်ထား၍ စစ်သွေးကြွများက အရှိန်အဟုန်မြင့် တိုက်ခိုက်လျက်ရှိကြောင်း၊ မေ ၃၀ရက်၌ သီးခြားစီ ဗုံးပေါက်ကွဲမှု နှစ်ခုအတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးကြောင်း အင်တာနက် သတင်းတွင် မေ ၃၁ရက်က ဖော်ပြသည်။

ဗုံးထိမှန်

ဘာဒက်စ်ရှန်ပြည်နယ် အရှေ့မြောက်ပိုင်း၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ် လမ်းဘေးဗုံးထိမှန်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသည်။ ထိုနေ့မှာပင် နန်ဂါဟာပြည်နယ်၌ အာဖဂန်တပ်ဖွဲ့ယာဉ်တန်း လမ်းဘေးဗုံးထိမှန်သဖြင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသည်။

မအောင်မြင်

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များသည် မကြာမီက ဖြစ်ပွားသည့် အကြမ်းဖက်မှုများကြောင့် စစ်ဘေးဒဏ်ခံစားနေရသည့် အာဖဂန်နိုင်ငံ၏ လုံခြုံရေး ပြန်လည် ကောင်းမွန်စေရန် ကြိုးပမ်းနေမှုမှာ မအောင်မြင်ဘဲရှိသည်။

(အင်တာနက်)

အယ်လ်ခိုင်ဒါ ခေါင်းဆောင်နှစ်ဦးအား အီရတ်တပ်ဖွဲ့ ဖမ်းဆီးရမိ

ဘဂ္ဂဒက် ဇွန် ၂

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်၌ အယ်လ်ခိုင်ဒါခေါင်းဆောင်နှစ်ဦး ဖမ်းဆီးမိကြောင်း၊ တစ်ဦးမှာဘဂ္ဂဒက်မှ အယ်လ်ခိုင်ဒါ ခေါင်းဆောင်ဖြစ်ကြောင်း မေ၃၁ရက်က ကြေညာသည်။

အဘူအဗ္ဗဒူလာဟု လူသိများသည့် အသက်၂၆နှစ်ရှိ အယ်လ်ခိုင်ဒါခေါင်းဆောင်ကို ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ ယာမွတ်ခရိုင်တွင် ဧပြီ ၁၆ရက်က ဖမ်းဆီးမိသည်ဟု ဘဂ္ဂဒက်စစ်ဆင်ရေးဌာနချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ကာဆင်အက်တာက ပြောကြားသည်။

ဆက်လက်ပြောကြား

အဗ္ဗဒူလာသည် ဘဂ္ဂဒက်မြို့ရှိ အယ်လ်ခိုင်ဒါအုပ်စု၏ စစ်ရေးဆိုင်ရာ တပ်မှူးတစ်ဦးဖြစ်ပြီး အယ်လ်ခိုင်ဒါ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ကြောင်း၊ ၎င်းသည် ဘဂ္ဂဒက်ရှိ ဟိုတယ်များနှင့် ပြည်ပသံရုံးများကို တိုက်ခိုက်ရန်စီစဉ်ခဲ့ကြောင်း အက်တာက ဆက်လက်ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်များက ယာဆင်အယ်လ်-အဘာဒီကိုလည်း ဖမ်းဆီးမိခဲ့ကြောင်း၊ ၎င်းသည် အသက် ၃၂နှစ်ရှိကာ အဘူကာဆက်ဟု လူသိများပြီး ဘဂ္ဂဒက်မြို့၌ပင် အဖမ်းခံရကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ အဘာဒီသည် အယ်လ်ခိုင်ဒါလုပ်ကြံသတ်ဖြတ်ရေးတပ်ဖွဲ့ခေါင်းဆောင်ဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုမျိုးစုံ ကျူးလွန်ခဲ့သူဖြစ်ကြောင်း ၎င်းကပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်ရှိ လာဟိုးဆေးရုံ တိုက်ခိုက်ခံရ၊ ၁၂ဦးသေဆုံး

လာဟိုး ဇွန် ၂

ရဲတပ်ဖွဲ့ဝတ်စုံများ ဝတ်ဆင်ထားသည့် သေနတ်ကိုင်စစ်သွေးကြွအုပ်စု တစ်စုက ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့ရှိ ဆေးရုံကို ဇွန်၁ရက်ညက တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် ၁၂ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ပြောကြား

မေ၂၈ရက်တွင် ဖြစ်ပွားသည့်တိုက်ပွဲအတွင်း၌ ဒဏ်ရာဖြင့်ဖမ်းဆီးရမိသော စစ်သွေးကြွတစ်ဦးအား သေနတ်သမားများက သတ်ဖြတ်ရန် အလိုရှိကြသည်ဟု ရဲတပ်ဖွဲ့အကြီးအကဲ ဆာလင်ဒိုဂျာက ပြောကြားသည်။

သေနတ်သမားများက ဖမ်းဆီးရမိသူ စစ်သွေးကြွထံသို့ မရောက်ရှိခဲ့ဟု ဒိုဂျာက သတင်းထောက်များသို့ ပြောကြားသည်။

သေဆုံး

သေနတ်သမားများက ဆေးရုံအရေးပေါ်ခန်းအပြင်ဘက်မှ လူများအားတိုက်ခိုက်ပြီး လူနာများ၏ ဆွေမျိုးသားချင်းများကိုပါ သတ်ဖြတ်ခဲ့သဖြင့် ၁၂ဦးသေဆုံးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

(အင်တာနက်)

လောင်စာတင်ယာဉ်မီးလောင်

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘက်မြို့၌ ဗုံးပေါက်ကွဲမှုကြောင့် လောင်စာတင်ယာဉ် မီးလောင်နေသည်ကို ဇွန် ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တာလီဘန်များသိမ်းပိုက်ထားသည့်ခရိုင် အာဖဂန်တပ်ဖွဲ့ဝင်များ ပြန်လည်သိမ်းပိုက်

ကဘူးလ် ဇွန် ၂

တာလီဘန်များ ထိန်းချုပ်ထားသည့် အာဖဂန်နစ္စတန်အရှေ့ပိုင်း နူရစ္စတန်ပြည်နယ် ဘာဂျ်-အီး-မက်တယ်ခရိုင်ကို နေတိုးဦးဆောင်သော နိုင်ငံတကာ အကူအညီပေးရေးတပ်ဖွဲ့ (အိုင်ဆက်ဖ်)၏ အကူအညီဖြင့် အာဖဂန် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင် (အေအင်န်အက်စ်အက်ဖ်)များက မေ ၃၁ရက်ညတွင် ပြန်လည်သိမ်းပိုက်ကြောင်း အိုင်ဆက်ဖ်ကထုတ်ပြန်သည့် သတင်းလွှာတွင် ဇွန် ၁ရက်၌ ဖော်ပြထားသည်။

အထောက်အကူပေး

တာလီဘန်စစ်သွေးကြွများ မေ၂၉ရက်က သိမ်းပိုက်ထားသည့် ဘာဂျ်-အီး-မက်တယ်ခရိုင်သို့ အိုင်ဆက်ဖ်တပ်ဖွဲ့ဝင်များကို စေလွှတ်ခြင်းဖြင့် အာဖဂန်တပ်ဖွဲ့ဝင်များအား အထောက်အကူပေးခဲ့သည်။

ယင်းစစ်ဆင်ရေးအတွင်း သေနတ်တစ်ချက်မှ မပစ်ဖောက်ရသလို မည်သူမျှလည်း ထိခိုက်ဒဏ်ရာမရခဲ့ဟု ကြေညာချက်တွင်ပါရှိသည်။

ပြန်လည်အုပ်ချုပ်

အာဖဂန်တပ်ဖွဲ့ဝင်များ၏ အောင်မြင်သည့် စစ်ဆင်ရေးကြောင့် ဘာဂျ်-အီး-မက်တယ်ခရိုင်ကို ပြန်လည်အုပ်ချုပ်နိုင်ပြီဟု အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဘက်ရှ်ဟာရီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးဝန်ကြီးချုပ်၏ ဝါရှင်တန်ခရီးစဉ်ဖျက်သိမ်း ကနေဒါမှ အစ္စရေးသို့ပြန်ရန်ဆုံးဖြတ်

ဂျေရုဆလင် ဇွန် ၂

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာထောက်ပံ့ရေးသင်္ဘောများကိစ္စ ကိုင်တွယ်ဖြေရှင်းရေးအတွက် သူ၏ ကနေဒါနှင့် အမေရိကန်ခရီးစဉ်ကို အပြီးတိုင်မနေဘဲ အစ္စရေးနိုင်ငံသို့ပြန်ရန် မေ ၃၁ရက်၌ ဆုံးဖြတ်လိုက်သည်။

ဝန်ကြီးချုပ်နေတန်ယာဟုသည် ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါနှင့် တွေ့ဆုံကာ မကြာမီကကိစ္စများကို ဆွေးနွေးပြီးနောက် ကနေဒါနိုင်ငံမှ ထွက်ခွာမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဖျက်သိမ်း

ဝန်ကြီးချုပ်နေတန်ယာဟုသည် မေ ၃၀ရက်က စတင်သည့် နှစ်ရက်ကြာ ကနေဒါခရီးစဉ်အတွင်း၌ပင် မေ ၃၁ရက် နံနက်က ကျင်းပရန်စီစဉ်ထားသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲကို ဖျက်သိမ်းလိုက်ကြောင်း ကနေဒါစီဘီအက်စ်သတင်းဌာနက ကြေညာသည်။ မူလက ဝါရှင်တန်သို့သွားရောက်ပြီး အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးရန်စီစဉ်ပြီးမှ ယခုအစီအစဉ်ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်ဟု သိရသည်။

ဆုံးဖြတ်

အမေရိကန်သမ္မတ အိုဘားမားနှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့သည် သင့်တော်သည့်အချိန်တွင် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်လိုက်ကြကြောင်းဖြင့်လည်း ကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေနံတွင်း ပေါက်ကွဲမှု အီရန်၌ ဖြစ်ပွား

တီဟီရန် ဇွန် ၂

အီရန်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရေနံတွင်းတစ်တွင်း ပေါက်ကွဲပြီးနောက် အရှိန်ပြင်းစွာဖြင့် သုံးရက်တိုင် မီးလောင်ကျွမ်းလျက်ရှိရာ မီးငြိမ်းသတ်သည့်လုပ်ငန်း စတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်း အီရန်အရာရှိများက ဇွန် ၂ရက်၌ပြောကြားသည်။

ပေါက်ကွဲ

အီရန်နိုင်ငံ အနောက်ပိုင်းရှိ ကာမန်ရှာပြည်နယ်မှ နက်ဖ်ရှာဟာရေနံတွင်းမှ ဓာတ်ငွေ့ယိုစိမ့်ပြီးနောက် စနေနေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမား သုံးဦးသေဆုံးပြီး၊ ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဝူဟူမြို့ရှိ လျှပ်စစ်မော်တော်ယာဉ်များ ဓာတ်အားပြန်လည်ဖြည့်တင်းရေးဌာနကို ဇွန်၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ဂျပန်ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

တိုကျို ဇွန် ၂

ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမမှာ ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်တာဝန်ကို ရှစ်လမျှသာထမ်းဆောင်ပြီးနောက် ရာထူးမှနုတ်ထွက်ကြောင်း ဇွန်၂ရက်၌ ရုတ်တရက် ကြေညာလိုက်သည်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်စခန်းကို ပြောင်းရွှေ့စေရမည်ဟု ရွေးကောက်ပွဲမဲဆွယ်စဉ်က ပေးခဲ့သည့် ကတိကို ချိုးဖောက်ခဲ့မိ၍ ယခုကဲ့သို့ ရာထူးမှထွက်ပေးခြင်း ဖြစ်သည်။

ယူကီအိုဟာတိုယာမသည် လေးနှစ်အတွင်း ဂျပန်နိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်ဖြစ်သည်။ (အင်တာနက်)

မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှု ဘရာဇီးနိုင်ငံက ဝေဖန်ပြောကြား

ရီယိုဒီဂျနေးရိုး ဇွန် ၂

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံအကြီးအကျယ်ယိုဖိတ်မှုပြဿနာသည် ဖွံ့ဖြိုးပြီးနိုင်ငံ၏ အလွန်ဆိုးရွားသည့် သတင်းဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက မေ ၃၁ရက်တွင် အပြင်းအထန်ဝေဖန်လိုက်သည်။

အနောက်အုပ်စု သတင်းစာများက ယင်းဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတင်းဖော်ပြနည်းမှာ ရယ်စရာဖြစ်နေသည်ကို မိမိတွေ့ရှိရသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပြောကြား

ယင်းအန္တရာယ်မျိုးကို ဘရာဇီးနိုင်ငံမှ ပီထရိုဘရားစ်ရေနံကုမ္ပဏီက ဂူအန်နဘာရာပင်လယ်ကွေ့အတွင်း ပြုလုပ်ခဲ့လျှင် ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံများက ယင်းပြဿနာကိုအကြောင်းပြုပြီး မိမိတို့အား ရှုတ်ချ ပြစ်တင်ဝေဖန်ကြမည်သာဖြစ်ကြောင်း ဆီးလ်ဗားက ဆက်လက်ပြောကြားသည်။

ဗြိတိန် ဘီပီရေနံကုမ္ပဏီမှ တွင်းတူးစင် ဧပြီလအတွင်းပေါက်ကွဲခဲ့ပြီးနောက် မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်ခဲ့ရာ ရေနံစည် ၁၈သန်းမှ သန်း ၄၀အထိ သမုဒ္ဒရာအတွင်း ပြန့်ကြဲနေပြီ ဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယနှင့် ပြင်သစ်လေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မည်

နယူးဒေလီ ဇွန် ၂

အိန္ဒိယနှင့် ပြင်သစ်အစိုးရတို့သည် နှစ်နိုင်ငံလေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဟု ဆင်ဟွာသတင်း၌ ဇွန် ၁ရက်က ဖော်ပြသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း အိန္ဒိယနိုင်ငံမှ ဆုခွိုင်း-၃၀ အမ်ကေအိုင်တိုက်လေယာဉ်ခြောက်စင်း၊ အိုင်အယ်လ်-၇၆ ပို့ဆောင်ရေးလေယာဉ်နှစ်စင်း၊ အိုင်အယ်လ်-၇၈ ပျံသန်းစဉ် လောင်စာဆီဖြည့်လေယာဉ်တစ်စင်းတို့ ပါဝင်မည်ဖြစ်သည်ဟု ဆိုသည်။

ယင်းလေ့ကျင့်ပျံသန်းမှုကို ပြင်သစ်နိုင်ငံ အိစ်တက်စ် လေတပ်စခန်းက ဇွန် ၁၄ရက်မှ ၂၅ရက်အထိ ပြုလုပ်ရန် စီစဉ်ထားကြောင်းနှင့် ယင်းသို့နှစ်နိုင်ငံ လေတပ်ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဖြင့် အိန္ဒိယနှင့် ပြင်သစ်လေတပ် တပ်ဖွဲ့ဝင်များအကြား လုပ်ငန်းဆောင်ရွက်ချက် အရည်အသွေးကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း အိန္ဒိယလေတပ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်

အိန္ဒိယလေတပ်မှ မီရပ်ချ်-၂၀၀၀ ဂျက်တိုက်လေယာဉ် ၅၆စင်းကို ခေတ်မီပြုပြင်ရေးအတွက် အိန္ဒိယ၊ ပြင်သစ်နှင့် နှစ်နိုင်ငံ စာချုပ်ချုပ်ဆိုမည့်ဆဲဆဲတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု စီစဉ်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နှင့် ပါကစ္စတန် ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ စာချုပ်လက်မှတ်ရေးထိုး

တီဟီရန် ဇွန် ၂

အီရန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များအား ပါကစ္စတန်နိုင်ငံသို့ တင်ပို့မည့် ပိုက်လိုင်းတည်ဆောက်ရေးစာချုပ်တစ်ရပ်ကို အီရန်နှင့် ပါကစ္စတန်နှစ်နိုင်ငံတို့ မေ ၃၁ရက်က အပြီးသတ်ချုပ်ဆိုကြသည်။

အောင်မြင်မှု

ယင်းသို့ စာချုပ်တစ်ရပ်ချုပ်ဆိုနိုင်မှုသည် ပါကစ္စတန်အတွက် လောင်စာပြတ်လပ်မှု လျော့ပါးစေသည့် စစ်မှန်သော သမိုင်းဝင်အောင်မြင်မှုဖြစ်ကြောင်း ပါကစ္စတန်ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ဂုဏ်ပြုနှုတ်ဆက်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် ၂၀၁၀ အင်ဒိုနီးရှားအလှမယ်ပြိုင်ပွဲတွင် ဆုရရှိသွားသူ ရှရီဖာအား ၂၀၀၉ခုနှစ် အင်ဒိုနီးရှားအလှမယ်များက ဂုဏ်ပြုနှုတ်ဆက်နေသည်ကို ဇွန် ၂ရက်ကတွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တောင်ကိုရီးယား၌ ဘိုလီးဗီးယားသံရုံး ဖွင့်လှစ်မည်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဘိုလီးဗီးယားသံရုံးကို မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပိုမိုခိုင်မာနေမှုကို ထင်ဟပ်စေသည့် ဆောင်ရွက်မှုဖြစ်ကြောင်း ဘိုလီးဗီးယားအရာရှိများက ဇွန် ၂ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဂွါတီမာလာလေဆိပ် ပြန်လည်ဖွင့်လှစ်

ဂွါတီမာလာနိုင်ငံတစ်ဝန်းရှိ လေဆိပ်များကို ပါကာယာမီးတောင်ပေါက်ကွဲမှုကြောင့် ငါးရက်ကြာပိတ်ထားခဲ့ရာမှ ဇွန် ၂ရက်၌ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဂွါတီမာလာလေကြောင်းအရာရှိများက ပြောကြားသည်။

တရုတ်နှင့် မွန်ဂိုလီးယား ရထားလမ်းဖောက်လုပ်မည်

တရုတ်နှင့် မွန်ဂိုလီးယားဒေသကို ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးတို့ အဆင်ပြေစေရန်အတွက် ရထားလမ်းဖောက်လုပ်မည်ဖြစ်ကြောင်း၊ ယင်းရထားလမ်းကို လာမည့် နှစ်နှစ်အတွင်း အပြီးဖောက်လုပ်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဇွန် ၂ရက်၌ ပြောကြားသည်။

အစ္စရေးနှင့် နီကာရာဂွါဆက်ဆံရေး ပြန်လည်သုံးသပ်မည်

အစ္စရေးတို့က ထောက်ပံ့ရေးသင်္ဘောတစ်စင်းအား စီးနင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း နီကာရာဂွါနိုင်ငံ အရာရှိများက ဇွန် ၂ရက်၌ ပြောကြားသည်။

ဂျာမနီနိုင်ငံ ဂိုတင်ဟန်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂျာမနီနိုင်ငံ ဂိုတင်ဟန်မြို့၌ ဇွန် ၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံ နေရာဒေသနှစ်ခု၌ ရေလွှမ်းမှုဖြစ်ပွား

တရုတ်နိုင်ငံ ကိုင်ကျိုပြည်နယ်နှင့် ကွမ်စီကျွမ့်ဒေသတို့တွင် ဇွန်၂ရက် နံနက်က မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံ ၁၁ဦး သေဆုံးပြီး နေအိမ် ၅၂လုံးပျက်စီးခဲ့ကြောင်း၊ ထို့အပြင် စိုက်ပျိုးမြေဟက်တာ ၄၀၀၀ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ အတက်အကျမရှိဘဲ တန့်နေလျက်ရှိကြောင်း၊ အမေရိကန်ဈေးကွက်၌ ဇွန် ၂ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၂၆ ဒသမ ၉ ဒေါ်လာဖြစ်ကြောင်း အမေရိကန်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

အီတလီ၌ အလုပ်လက်မဲ့နှုန်း မြင့်တက်နေ

အီတလီနိုင်ငံတွင် အလုပ်လက်မဲ့နှုန်းများ ဆက်လက်မြင့်တက်နေလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလက အလုပ်လက်မဲ့နှုန်း ၈ဒသမ၉ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်မှ စတင်ကာ အမြင့်ဆုံးစံချိန်ပင်ဖြစ်ကြောင်း အီတလီအလုပ်သမားရေးရာ အရာရှိများက ဇွန်၂ရက်၌ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၌ အဆောက်အအုံပြိုကျ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တွင် ဇွန်၂ရက်က ငါးထပ်လူနေအဆောက်အအုံ တစ်လုံးပြိုကျခဲ့ရာ ကိုးဦးသေဆုံးပြီး လူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒါကာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကဘူးလ်မြို့၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဇွန် ၂ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်ပွားမှုမှာ ကဘူးလ်မြို့အနောက်ပိုင်း၌ဖြစ်ကြောင်း၊ ထိခိုက်မှုမရှိကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)
ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၃၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဒေါ်မြမြက ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)၌ ကတ္တရာများရောက်ရှိ၊ ဖြန့်ဝေမှု၊ ဘောလီသံပေါင်များ စုဆောင်းထိန်းသိမ်းထားရှိမှုအခြေအနေ၊ ပစ္စည်းသိုလှောင်ဝင်းအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စနစ်တကျထိန်းသိမ်း

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာပိုင်းသည် အလွန်အရေးကြီးကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် လမ်း၊ တံတား၊ အဆောက်အအုံ၊ လေယာဉ်ကွင်းများ ဆောင်ရွက်ရာ၌ ပစ္စည်းသည် အဓိကလိုအပ်ကြောင်း၊ သိုလှောင်ဝင်းအတွင်းထားရှိသည့် ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းထားဖို့လိုအပ်ကြောင်း၊ ရောက်ရှိလာသည့် ကတ္တရာများကို ပြည်နယ်၊ တိုင်းရှိ လုပ်ငန်းခွင်များသို့ အချိန်နှင့်တစ်ပြေးညီ အမြန်ပေးပို့သွားရန်လိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပစ္စည်းသိုလှောင်ရုံဝင်းအတွင်းရှိ ကုမ္ပဏီမှ ရောက်ရှိသည့် ကတ္တရာ ၆၈၇ တန်ကို ပြည်နယ်၊တိုင်းများရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးနေမှု အခြေအနေကိုလည်းကောင်း၊ နိုင်ငံခြားမှ ဝယ်ယူထားသော ဘောလီသံပေါင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး
ဝန်ကြီး ဦးမောင်မောင်ဆွေအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး H.E. Mr. Erik Solheim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Mrs. Merete Fjeld Brattested လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နာဂစ်ဒေသပြန်လည်ထူထောင်ရေးနှင့် အခြားသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေးမြို့နယ် ကလော့ကျေးရွာ ပညာ့အရိပ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်နန္ဒာဦးနှင့် ကလော့ကျေးရွာဥက္ကဋ္ဌ ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ
တိုက်ကြီးမြို့နယ်၌ကျင်းပ

တိုက်ကြီး ဇွန် ၂

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မေ ၃၁ရက် နံနက်၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် မှာကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်အောင်က စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ် စာစောင်များနှင့် မဂ္ဂဇင်းများကို ဒုတိယရဲမှူးဝင်းမြင့်အောင်က ကျေးရွာစာကြည့်တိုက်များကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းသို့ လည်းကောင်း**(ဝဲပုံ)**၊ အဖျောက်ရဲစခန်းမှူးက အုန်ပင်ကွင်း ကျေးရွာဥက္ကဋ္ဌသို့ လည်းကောင်း၊ ဖိုးခေါင်ရဲစခန်းမှူးက ခုနစ်ကျိုက် ကျေးရွာဥက္ကဋ္ဌသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ လှူဒါန်းသောစာအုပ်စာစောင်နှင့် မဂ္ဂဇင်း စုစုပေါင်း ၄၀၄အုပ်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၂၇၆၅၀ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၃-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂါဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၇။ လက်ပံလှတံတား
၈း၂၀ ၈။ အကပဒေသာ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ **Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဒယ်လ်တာယူနိုက်တက်နှင့် ဥဿာယူနိုက်တက်)**
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အိမ်တွင်းစီးပွား၊ ဥပဒေပညာအထူးပြုများ) (စီးပွားရေးပညာ)
၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၃၅ ၆။ ရင်ခုန်စောင့်စား ကမ္ဘာ့ဖလား **အုပ်စု (C)**
၅း၄၅ ၇။ သယံဇာတ ဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၉) ငြိမ်းချမ်း၊ သူရလင်း၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅ ၁၁။ ထူးဆန်းထွေလာများကို သိပွဲဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၆)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၂၀)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၈)
၁၈။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ
လမစေ့မီမွေးဖွားမှု မျိုးရိုးကြောင့်ဖြစ်ရဟုဆို

ကောင်းမြတ်သူ-ရေးသားသည်

လန်ဒန် ဇွန် ၂

လမစေ့မီမွေးဖွားခြင်းသည် မျိုးရိုးဗီဇကြောင့်ဖြစ်ရခြင်းဖြစ်ကြောင်း စကော့တလန်သုတေသီများက လေ့လာတွေ့ရှိထားသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ညီအစ်ကိုမောင်နှမများထဲမှ လမစေ့ဘဲမွေးဖွားသူရှိလျှင် လမစေ့မီမွေးဖွားရန် ၅၀ရာခိုင်နှုန်းရှိကြောင်း သုတေသီများက ပြောကြားသည်။

ဆန်းစစ်လေ့လာ

စကော့တလန် အဘာဒင်းတက္ကသိုလ်မှ သုတေသနအဖွဲ့သည် စကော့တလန်မိခင်နှင့် ယင်းတို့၏သမီး ၂၂၃၄၃ဦးအား ဆန်းစစ်လေ့လာကြည့်ရာမှ ဖော်ပြပါအချက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဤသုတေသနပြုလေ့လာတွေ့ရှိချက်ကြောင့် လမစေ့မီမွေးဖွားခြင်းကို ကာကွယ်တားဆီးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဟုဆိုသည်။

အသက်ဆုံးရှုံးနိုင်

လမစေ့မီမွေးဖွားခြင်းသည် မွေးဖွားလာသောကလေးမှာ ချူချာပြီး အသက်ဆုံးရှုံးနိုင်ကြောင်း၊ ကျန်းမာရေးလည်း ရေရှည်ကောင်းနိုင်မည်မဟုတ်ကြောင်း ၎င်းတို့က ဆိုသည်။ ။ *(အင်တာနက်)*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူလယ်သမားများသို့
မိုးစပါးကို အောင်မြင်စွာစိုက်ပျိုးနိုင်ရေးနှိုးဆော်ချက်

မုတ်သုံလေသည် ယခုအခါ မေ ၁၇ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းစတင်ဝင်ရောက်ခဲ့ပြီး ဒေသအနှံ့ရွာသွန်းနေပြီဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုနှင့် လျော်ညီစွာ တောင်သူလယ်သမားများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

- ယခုအချိန်မှစ၍ ထယ်ရေးကို စောနိုင်သမျှစောစွာ ပြုပြင်ထားပါ။
- ရေလုံအောင် လယ်ကန်သင်းများကို သေချာစွာ ပြုပြင်ထားပါ။
- ရေသိုလှောင်၍ ရနိုင်သည့် လမ်းဘေးမြောင်းများ၊ ချိုင့်များ၊ ကန်များစသည်တို့တွင် ရွာသမျှမိုးရေကို ရနိုင်သမျှစုဆောင်းထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။
- ရေများများရရှိနိုင်သည့် နေရာများတွင် ကြိုတင်၍ စပေါင်းပျိုးထောင်ထားပါ။
- ရေလိုအပ်ချက်နည်းသည့် သင့်တော်ရာပျိုးထောင်နည်းများဖြင့် ပျိုးထောင်ပါ။
- စပါးသက်တမ်းတိုစေနိုင်သည့် တိုက်ရိုက်အစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးပါ။
- ရေရရှိမှုအပေါ်မူတည်၍ ပျိုးသက်နုနည်းဖြင့်စိုက်ပျိုးပါ။
- သက်လတ်နှင့် သက်လျင်စပါးအထွက်ကောင်းမျိုးများကို ဦးစားပေးစိုက်ပျိုးပါ။
- ရေလေလွင့်ဆုံးရှုံးမှု မရှိစေရန် အမြဲဂရုစိုက်ပါ။
- အပင်ကြီးထွားမှုမြန်ဆန်စေရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းစေရန် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာစနစ်တကျ ရောစပ်သုံးစွဲပါ။
- ပိုးမွှားရောဂါကြိုတင်ကာကွယ်ပါ၊ ကျရောက်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်အကူအညီတောင်းပါ။

(ဖော်ပြပါအချက်များမှ အကူအညီများ လိုအပ်ပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ပါ။) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင် လှိုင်ကော်၌ သစ်ထုတ်လုပ်ရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇွန် ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မေ ၃၁ရက် ညနေပိုင်းက လှိုင်ကော်မြို့ လှိုင်ကော်သစ်ဆိပ် ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ပြည်နယ်သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းကြူက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သစ်ဆိပ်သို့ သစ်လုံးများရောက်ရှိမှု၊ လာမည့်သစ်ထုတ်ရာသီတွင် သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မေ ၂၀ရက်က စဥ့်ကိုင်မြို့နယ် မိုးကောင်း ကျေးရွာအုပ်စု ဇော်ဂျီမြစ်ကူး(စံပြ)တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနား ကိုကိုးကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ရက် နံနက် ၉နာရီက အထက ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်းက ကျောင်းအပ်နှံရေးအတွက် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကိုကိုးကျွန်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၆၀နှင့်စာရေးကိရိယာများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က ဗလာစာအုပ် ၁၀ ဒါဇင်၊ အလှူရှင်များက လှူဒါန်းငွေကျပ် ၂၅၆၈၇၀၊ ပစ္စည်းတန်ဖိုး ငွေကျပ် ငါးသိန်းကျော် စုစုပေါင်း ငွေကျပ် ရှစ်သိန်းခန့်ရှိ ကျောင်းသုံးစာရေးကိရိယာများကို မြို့နယ်ဥက္ကဋ္ဌ(ဝဲပုံ)နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာ ဦးစီးဌာန(ရန်ကုန်) မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၉ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး မြို့နယ်အဆင့်ဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားစဉ်။
(ဝ၉၇)

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Network Activities Group Myanmar ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇွန် ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ မောင်ဝံသက 'နိုင်ငံတည်ဆောက်ရေးနှင့် မီဒီယာ အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးပေါ်လွင်စိန်အား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်အား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးသန့်ကျော်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံး၊ ဓာတ်ပုံရောင်စုံဓာတ်ပုံနှင့် ဓာတ်ပုံဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဇွန် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် Everyone Counts မြန်မာဘာသာဖြင့် **မထပ်မကျန် မှန်ကန်မှု၊ အချက်အလက် တွေစုံအောင်စု၊ လူဦးရေနှင့် ဖွံ့ဖြိုးမှု** ဖြစ်သည်။

ရေးဆွဲယှဉ်ပြိုင်

ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ အဆင့်(၂)တွင် အသက်ကိုးနှစ်မှ ၁၂နှစ်၊ အဆင့်(၃)တွင် အသက် ၁၃နှစ်မှ ၁၅နှစ်၊ အဆင့်(၄)တွင် အသက် ၁၆နှစ်မှ ၁၈နှစ်၊ အဆင့်(၅) အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲတွင် အသက် ၁၉နှစ်နှင့် အထက်ရှိသူများဖြင့် သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄) အထိ ပြိုင်ပွဲများကို ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးကြီးမှူး၍ နေပြည်တော်နှင့် ပြည်နယ်/တိုင်း မြို့တော်များရှိ သတ်မှတ်ထားသော နေရာများ၌ ဇွန် ၁၂ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ လေးနာရီကြာ ကျင်းပသွားမည်ဖြစ်သည်။ ပြည်သူ့အင်အားဦးစီးဌာနကထုတ်ပေးမည့် (၁၅×၂၀)လက်မ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ ရေးဆွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။

အဆင့်(၁)မှ အဆင့်(၄)အထိ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများနှင့် နေပြည်တော်ခရိုင်အတွက် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင် ဇွန် ၁၁ရက်နောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ စာရင်းပေးလျှောက်ထားရမည်။

အဆင့်(၅) အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအတွက် (၁၈×၂၄)လက်မအရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးများနှင့် နေပြည်တော်ပျဉ်းမနားမှ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးရုံးသို့ ဇွန် ၁၁ရက်နောက်ဆုံးထား၍ ပြိုင်ပွဲဝင် ပိုစတာများပေးပို့ရမည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် နေပြည်တော် ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြိုင်ပွဲဝင်ပိုစတာများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် (၄၈) နေပြည်တော်သို့ ဇွန် ၂၂ရက်အရောက် တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း ငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ် ခုနစ်သောင်း ငါးထောင်နှင့် အထူးဆုငါးဆု ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်/ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် (၈၊ ၉၊ ၁၀)တန်းနှင့် အခြေခံပညာအလယ်တန်း အဆင့် (၅၊ ၆၊ ၇)တန်း အဆင့် သုံးဆင့်ခွဲ၍ နေပြည်တော်နှင့် ပြည်နယ်/တိုင်း မြို့ကြီးများတွင် ဇွန် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီ အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆု ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြိုင်ပွဲဝင်လိုသူများသည် (၁၀ × ၁၅)လက်မထက်မငယ်သော အရွယ်အစား Print ပုံဖြင့် အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အထူးဆုငါးဆု ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် (၄၈) နေပြည်တော်သို့ ဇွန် ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများက တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ Digital နည်းစနစ်ဖြင့် ဖြည့်စွက်၊ ပယ်ဖျက်ထားခြင်း မရှိကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (caption) အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ရေးသားပေးပို့

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ပြိုင်ပွဲဝင်လိုသူများသည် စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာ တစ်ဖက်တည်းတွင် စာလုံးရေသုံးထောင်မှ ငါးထောင်အတွင်းရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် ဆောင်းပါးစာမူတစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ စာမူ မူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသားပေးပို့ရမည်။ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဖအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား/မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ ပြည်နယ်/တိုင်းတို့ကို ပြည့်စုံစွာ ဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စ်ပို့ဓာတ်ပုံသုံးပုံပူးတွဲ၍ ပြိုင်ပွဲဝင်စာမူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် (၄၈) နေပြည်တော်သို့ ဇွန် ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့် အထူးဆုငါးဆုကို ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို ဇူလိုင် ၁၁ရက် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေပြည်တော်တွင် ရုံးအမှတ် (၄၈) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် နေပြည်တော်ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင်လည်းကောင်း၊ ကျန်ဒေသများအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက ပိုစတာပြိုင်ပွဲနှင့်ပတ်သက်၍ ဦးအောင်မြင့် (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၅၊ စာစီစာကုံးပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဦးဝင်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၅၊ ဖိတ်ခေါ်ဆောင်းပါး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်ညွန့်ညွန့်ရည် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၈၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်ယဉ်ယဉ်ကြိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၉နှင့် (ဖက်စ်) ၄၃၁၀၆၆သို့လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (ရန်ကုန်မြို့) ဖုန်း-၀၁-၃၇၃၁၆၇သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇွန် ၂ရက်က အီတလီသမ္မတနိုင်ငံ အမျိုးသားနေ့ ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Dr. Andreina MARSELLA ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကျင်းပ

ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)ကို ဘာရိန်း၊ ဆော်ဒီအာရေဗျ၊ အိုမန်၊ ကာတာ၊ ကူဝိတ်နှင့် ယူအေအီး အပါအဝင် အဖွဲ့ဝင် ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး ပထမအကြိမ် အာဆီယံ-ဂျီစီစီ ဝန်ကြီးအဆင့် အစည်းအဝေးကို ဘာရိန်းနိုင်ငံ မနားမားမြို့တွင် ၂၀၀၉ ခုနှစ် ဇွန် ၂၉ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့သည်။

တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၁ရက်က ကျင်းပသော ဒုတိယအကြိမ် အာဆီယံ - ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ရီးက အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထုတ်ပြန်

ထို့နောက် ဇွန် ၁ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေးဝန်ကြီးများအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးတွင် လက်ခံတွေ့ဆုံခဲ့သည်။ အစည်းအဝေးအပြီး အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေး ဝန်ကြီးများက ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးဆိုင်ရာ ပူးတွဲသတင်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ - ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) ဝန်ကြီးအဆင့် အစည်းအဝေးတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျော့ရီးအား နှုတ်ဆက်စဉ်။

(နိုင်ငံခြားရေး)

2010 Asian Man's Club Volleyball Championship ပြိုင်ပွဲတွင် Asia World Club အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဘော်လီဘောအသင်း တရုတ်သို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Zhenjiang မြို့၌ ကျင်းပမည့် 2010 Asian Man's Club Volleyball Championship ပြိုင်ပွဲတွင် Asia World Club အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းသည် **(ယာပုံ)** ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား ဘော်လီဘောအသင်း ၁၁သင်း ပါဝင်ကြပြီး အုပ်စုနှစ်စု ခွဲထားရာ (က) အုပ်စုတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကာဇက်စတန်နှင့် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်ကြကာ (ခ)အုပ်စုတွင် ဥဇဘက်ကစ္စတန်၊ အီရန်၊ ဘာရိန်း၊ ကာတာ၊ ထိုင်းနှင့် မြန်မာအသင်းတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲ၏ (ခ)အုပ်စုပြိုင်ပွဲ၌ ဇွန် ၅ရက်တွင် ဥဇဘက်ကစ္စတန်နှင့် မြန်မာအသင်းတို့သည်လည်းကောင်း၊ ဇွန်၆ရက်တွင် ထိုင်းနှင့်မြန်မာအသင်းတို့သည်လည်းကောင်း၊ ဇွန် ၇ရက်တွင် ကာတာနှင့် မြန်မာအသင်းတို့ သည်လည်းကောင်း၊ ဇွန် ၈ရက်တွင် ဘာရိန်းနှင့် မြန်မာအသင်းတို့သည် လည်းကောင်း၊ ဇွန် ၉ရက်တွင် အီရန်နှင့် မြန်မာအသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။

ပါဝင်

Asia World Club အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသား လက်ရွေးစင် ဘော်လီဘောအသင်း၏ အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း၊ နည်းပြများအဖြစ် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်၊ ဦးသိန်းဆွေနှင့် ဦးရဲမြင့်၊ ဘော်လီဘော အားကစားသမားများ အဖြစ် ကျော်စွာဝင်း၊ ကျော်ဆွေ၊ ဝင်းထွန်းဦး၊ စိုင်းညီလေး၊ ပိုင်သ၊ ဒိုမေးနီကို၊ အောင်မြတ်ထွန်း၊ ကျော်ကျော်ထွေးနှင့် ချစ်ပိုပိုတို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ အဖွဲ့ဝင်လေးဦးပါဝင်သော ဘောလုံးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၂၅ရက်မှ ၂၈ရက်အထိ လာရောက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတည်ဆောက် ဖွင့်လှစ်ခဲ့သည့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် မြန်မာ့ဘောလုံးရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ် အဖွဲ့တွင် FIFA ၏ MA Professio nalisation Department Head မစ္စတာ အုစ်ဇနက်တီ၊ FIFA-Asian Development Officer မစ္စတာဒေးဗစ်ဘော်ဂျာ၊ FIFA Technical Office မှ Technical Director (JFA) မစ္စတာ တာကာရှီအိုနိုနှင့် မလေးရှားနိုင်ငံရှိ FIFA Development Office (DOKL) မှ Development Officer မစ္စတာ ဒိုမီကာတို့ပါဝင်ပြီး ၎င်းတို့အဖွဲ့သည် မေ ၂၅ရက် ညနေပိုင်း၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် နှင့်တွေ့ဆုံကာ မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)** အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၆ရက်တွင် မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့သို့သွားရောက်ကာ မြန်မာ ဘောလုံး အကယ်ဒမီကျောင်း စတင် ဖွင့်လှစ်ရန် အပြီးသတ် ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို အကြံပြုကြသည်။ မေ ၂၈ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနတာဝန်ခံများနှင့်တွေ့ဆုံ၍ မြန်မာဘောလုံးအကယ်ဒမီ အပါအဝင် မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို အသေးစိတ် မေးမြန်း ဆွေးနွေးမှုများ ပြုလုပ်ကာ FIFA မှ လိုအပ်သည့် အကူအညီများ ဆက်လက်ရရှိရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

စတင်ဖွင့်လှစ်

မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး)အား FIFA ၏ Goal Project(2) ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ လေးသိန်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ စိုက်ထုတ်ငွေ အပြင် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ လှူဒါန်းပံ့ပိုးငွေများ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော် ကုန်ကျခံကာ ၂၀၀၆ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ခုနှစ် ဖေဖော်ဝါရီတွင် အပြီးသတ်ကာ ဇွန် ၁ရက်၌ စတင်ဖွင့်လှစ် သင်ကြားခဲ့သည်။ အဆိုပါ မြန်မာဘောလုံး အကယ်ဒမီအတွက် လိုအပ်သည့် လုပ်ငန်းများနှင့် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပါအဝင် ကျွမ်းကျင်သူ ပညာရှင်အချို့ ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက်လည်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တင်ပြတောင်းဆိုလာပါက FIFA မှ ကူညီပံ့ပိုးမှုများ ထပ်မံပေးနိုင်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

ဆက်လက်ပံ့ပိုး

ထို့အပြင် FIFA အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လက်ရှိဆောင်ရွက်လျက်ရှိသော မြန်မာနေရှင်နယ်လိဂ် အပါအဝင် လူငယ်ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ဘောလုံးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ချီးကျူး အသိအမှတ်ပြုခဲ့ပြီး မြန်မာ့ဘောလုံးအတွက် FIFA မှ လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆက်လက်ပံ့ပိုးပေးနိုင်ရန် အစီအစဉ်များရှိကြောင်း သိရသည်။ **(ဘောလုံးအဖွဲ့ချုပ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဒုက္ခသိရင် နိဗ္ဗာန်ရှိတယ်** တရားတော် (ဦးတေဇိန္ဒ သွေးဆေးကန်ဆရာတော်)
- ၆:၅၀ ကံကူထွတ်ခေါင် ပိတ်ချင်းမြောင်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅)
- ၈:၃၀ Sports World (Premier League World)
- ၈:၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ တတိယမြောက် သတို့သမီး
- ၉:၁၀ Electronics and Living 2010
- ၉:၂၅ Box Office Movies (Avator)
- ၉:၄၀ Activities in the City (International School of Myanmar ပန်းချီပြိုင်ပွဲ)
- ၁၀:၀၀ ဂီတသရုပ်ပြခန်း (မောင်မောင်ထိပ်-ရေဒီယိုအယ်လ်ဘမ်)
- ၁၀:၂၀ INAX Show room ဖွင့်ပွဲ (နေပြည်တော်)
- ၁၀:၃၀ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ
- ၁၀:၅၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (Zilliom Crazy Colour and Touch)
- ၁၁:၁၅ ဝင်းသိန်း၏ အရင်အတိုင်း ပြန်လာမယ်
- ၁၁:၃၅ **Praram 9 Hospital** (အပိုင်း-၁)
- ၁၁:၄၅ ပန်းတိုင်အထွက်ရရှိဖို့ ပိုက်ပျိုးစနစ် ကျင့်သုံးဖို့
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (QMS 9000 Internal Auditing Skill Training)
- ၁၂:၁၅ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
- ၁၂:၄၀ နည်းပညာအစွမ်းထက် SOLAR HUT
- ၁၂:၅၀ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁:၀၀ **ဒုက္ခသိရင် နိဗ္ဗာန်ရှိတယ်** တရားတော် (ဦးတေဇိန္ဒ သွေးဆေးကန်ဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Traditional Fashion)
- ၃:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Heart's Ease Beauty Spa ဆိုင်သစ်ပြောင်းရွှေ့ ဖွင့်လှစ်ခြင်း အခမ်းအနား)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅)
- ၄:၀၅ မူဟန်ကိုယ်စီ တေးကိုသီ
- ၄:၁၅ Activities in the City (International School of Myanmar ပန်းချီပြိုင်ပွဲ)
- ၄:၂၅ INAX Show room ဖွင့်ပွဲ (နေပြည်တော်)
- ၄:၃၅ ဝင်းသိန်း၏ အရင်အတိုင်း ပြန်လာမယ်
- ၄:၅၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့ မိသားစုအတွက် မန္တလေးသကလမ်းက အိမ်ကလေး)
- ၅:၂၀ Electronics and Living 2010
- ၅:၃၅ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ
- ၆:၃၅ ဈေးဝယ်လမ်းညွှန် (Zilliom Crazy Colour and Touch)
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (QMS 9000 Internal Auditing Skill Training)
- ၇:၀၀ Fashion Music Festival (Traditional Fashion)
- ၇:၃၅ **Praram 9 Hospital** (အပိုင်း-၁)
- ၇:၄၅ နည်းပညာအစွမ်းထက် SOLAR HUT
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Box Office Movies (Avator)
- ၈:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Heart's Ease Beauty Spa ဆိုင်သစ်ပြောင်းရွှေ့ ဖွင့်လှစ်ခြင်း အခမ်းအနား)
- ၉:၀၅ အနုပညာ မိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅)
- ၁၀:၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **တတိယမြောက်သတို့သမီး**
- ၁၀:၁၅ ဂီတသရုပ်ပြခန်း (မောင်မောင်ထိပ်-ရေဒီယိုအယ်လ်ဘမ်)
- ၁၀:၃၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့ မိသားစုအတွက် မန္တလေးသကလမ်းက အိမ်ကလေး)
- ၁၁:၀၀ စွမ်းအားစက်မှု အရင်းပြု စီမံဆောင်ရွက် နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
- ၁၁:၂၅ ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပေါ
- ၁၁:၃၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့ လုံခြုံမှုဆီသို့
- ၁၁:၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၂:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ထုတ်ပြန်

ထို့နောက် ဇွန် ၁ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေးဝန်ကြီးများအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးတွင် လက်ခံတွေ့ဆုံခဲ့သည်။ အစည်းအဝေးအပြီး အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေး ဝန်ကြီးများက ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးဆိုင်ရာ ပူးတွဲသတင်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၂

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၂)ပါတီအနက် "ဝ"ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၂ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၂)ပါတီအနက် ပါတီ (၂၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းခမ်းလှိုင် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ - ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) ဝန်ကြီးအဆင့် အစည်းအဝေးတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျော့ရီးအား နှုတ်ဆက်စဉ်။

(နိုင်ငံခြားရေး)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေဗိမာန် စာမူဆုသုတပဒေသာ(ဝိဇ္ဇာပညာရပ်)ပထမဆုရ ထင်လင်းကျော်ရေးသားသည့် အောင်ဘာလေထီသမိုင်းစာအုပ်ကို စာအုပ်အသင်း၏ အုပ် ၆၀မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်း ဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် လင်းခေးခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းခမ်းလှိုင်သည် မေ ၁၉ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့၌ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုင်းထွန်းမြနှင့် အတွင်းရေးမှူး ဦးသိန်းဌေးဝင်းတို့နှင့်အတူ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံပြီး ဆန္ဒမဲပေးခြင်းသရုပ်ပြပွဲကို တက်ရောက်၍ လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးနှစ်အတွင်း ချန်ပီယံဆုဖလားရရှိအောင်ကြိုးပမ်းမယ့် မနောမြေ F.C

➢ သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

➢ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂

အသင်းရှစ်သင်းနဲ့စတင်ခဲ့တဲ့ ပရော်ဖက်ရှင်နယ်လိဂ်(ခေါ်) မြန်မာနေရှင်နယ်လိဂ်ဟာ အခု ၂၀၁၀ခုနှစ်မှာ အသင်းသစ်သုံးသင်းထပ်တိုးပြီး ၁၁သင်းနဲ့ ကျင်းပလျက်ရှိပါတယ်။ အသင်းသစ်တွေထဲမှာ ထူးထူးခြားခြား ခြေစွမ်းပြနေတဲ့ အသင်းတစ်သင်းကတော့ ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေ F.C ပဲ ဖြစ်ပါတယ်။

ဂိုးပြတ်အနိုင်ရ

မနောမြေအသင်းဟာ လက်ရှိကျင်းပနေတဲ့ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) အပြီးမှာ အသင်းသစ် သုံးသင်းထဲမှာ ထိပ်ဆုံးနေရာနဲ့ အမှတ်ပေးဇယား အဆင့်(၉)နေရာမှာ ရပ်တည်နေပါတယ်။ မနောမြေအသင်းဟာ ရှစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံး ၁၀မှတ်ရရှိထားပြီး ပဉ္စမနေရာက ဒယ်လ်တာယူနိုက်တက်အသင်းနဲ့ သုံးမှတ်ပဲ ကွာတာကြောင့် အကောင်းဆုံးရလဒ် ရနေတယ်လို့ ဆိုလို့မရပေမယ့် MNL အသင်းဟောင်းတွေရဲ့ ရပ်တည်မှုတွေကို ခြိမ်းခြောက်နေတာတော့ အမှန်ပါပဲ။ အသင်းသစ်သုံးသင်း အချင်းချင်းတွေ့ဆုံတဲ့ နှစ်ပွဲစလုံးမှာ မနောမြေ F.C တို့ အနိုင်ရရှိအောင် ကစားထားနိုင်သလို နောက်ထပ် ချိုမြိန်တဲ့

ရတနာပုံနှင့် ပွဲအတွက် စိုင်းသန်းအောင် လေ့ကျင့်နေစဉ်။

နိုင်ပွဲတစ်ခုကတော့ ပြီးခဲ့တဲ့ ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယနေရာရရှိခဲ့တဲ့ ဒယ်လ်တာယူနိုက်တက်အသင်းကို ဗထူးကွင်းမှာ လေးဂိုး-နှစ်ဂိုးနဲ့ ဂိုးပြတ် အနိုင်ရရှိခဲ့တာပဲဖြစ်ပါတယ်။

မြန်မာ့လက်ရွေးစင် အသင်းအတွက် လက်ရွေးစင် ကစားသမားကောင်းတွေ မွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ဖွဲ့စည်းထားတဲ့ မနောမြေအသင်းဟာ ပြည်တွင်းကစားသမားတွေနဲ့ပဲ အသင်းကို အခြေခံတည်ဆောက်ခဲ့ပါတယ်။ ကချင်ပြည်နယ်မှ လူငယ်ဘောလုံးသမားတွေထွက်ပေါ်ဖို့ ကချင်ဘောလုံးသမားတွေနဲ့ အသင်းကို အခြေခံထားခဲ့သလို MNL ပြိုင်ပွဲမှာ အဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် MNL မှာကစားဖူးတဲ့ ရှစ်ဦး၊ အရင်အဆင့်မြင့်တန်း ကစားသမားဟောင်းတွေဖြစ်တဲ့ ကာကွယ်ရေးမှ ထွန်းထွန်းလတ်(ဂိုး)နဲ့

အသင်းခေါင်းဆောင် ဝင်းဇော်အောင် လေ့ကျင့်နေစဉ်။

မောင်မောင်အောင်၊ မြို့တော်စည်ပင်က သက်နိုင်စိုးတို့ကို ခေါ်ယူခဲ့ပါတယ်။ ဒုတိယအကျော့မှာတော့ လက်ရှိရရှိနေတဲ့ အဆင့်(၉)နေရာကို ဆက်ထိန်းနိုင်ဖို့နဲ့ ပြည်တွင်းကစားသမားတွေ အတွေ့အကြုံရရှိဖို့ တရုတ်ကစားသမားတွေကို ခေါ်ယူအားဖြည့်သွားမယ်လို့ သိရပါတယ်။

မွေးထုတ်ပေး

မနောမြေ F.C ဥက္ကဋ္ဌ ဦးဇခုန်ယိန်းဆောင်က "ကျွန်တော်တို့အသင်းတည်ထောင်ဖြစ်တဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာ့လက်ရွေးစင်အသင်းအတွက် ကစားသမားကောင်းတွေ မွေးထုတ်ပေးနိုင်ဖို့ပါ။ နောက်တစ်ခုက ကချင်ပြည်နယ်က လူငယ်တွေ လမ်းမှားမရောက်ဘဲ ဘောလုံးအားကစားကို ပိုမိုစိတ်ဝင်စားလာစေချင်လို့ပါ။ သူတို့တွေ ဘောလုံးအားကစားကို စိတ်ဝင်စားပြီး ကစားလာကြမယ်ဆိုရင် ကချင်ပြည်နယ်အတွက်ရော မြန်မာဘောလုံးလောကအတွက်ပါ အများကြီး အကျိုးရှိမှာပါ။

တိုက်စစ်မှူးတင်အောင်မိုး။

လက်ရှိ အသင်းအနေအထားဟာ အကောင်းဆုံးတော့ မဖြစ်သေးပေမယ့် ကျေနပ်စရာကောင်းတဲ့အနေအထားမှာ ရှိပါတယ်။ ဒါပေမယ့် အသင်းမှာ အားနည်းချက်တွေတော့ရှိပြီး တရုတ်ကစားသမားတွေကို ခေါ်ယူအားဖြည့်သွားမှာပါ။ တရုတ်ကစားသမားတွေကို ရှေ့၊ လယ်၊ နောက် အားဖြည့်သွားမှာဖြစ်ပြီး အဲဒီကစားသမားတွေကို ခေါ်နိုင်ဖို့ တရုတ်နိုင်ငံကို ကင်းထောက်တွေစေလွှတ်ထားပါတယ်။ တရုတ်အဆင့်မြင့်တန်းလိဂ်က ခေါ်ယူသွားမှာဖြစ်ပြီး တရုတ်ငွေ ယွမ် တစ်သောင်းဝန်းကျင်ရှိတဲ့ ကစားသမားတွေကို ခေါ်သွားမှာပါ။ ပထမအကျော့ပြီးရင် သွားခေါ်မှာဖြစ်ပြီး အသင်းမှာ စမ်းသပ်

သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးဖြင့် ၁၀မှတ်ရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြချုပ် ဦးဝင်းမြင့်သွင်။

မနောမြေအသင်း ဥက္ကဋ္ဌ ဦးဇခုန်ယိန်းဆောင်။

လေ့ကျင့်မှုတွေပြုလုပ်ပြီးမှ ခေါ်သွားမှာပါ။ ပြည်တွင်းကစားသမားတွေကိုတော့ အခြားအသင်းကခေါ်ယူဖို့ မရှိဘဲ လူငယ်တွေကိုပဲ ပြုစုပျိုးထောင်ပေးသွားမှာပါ။

ပြောကြား

"ဒီပြိုင်ပွဲမှာ အသင်းသစ်တွေထဲမှာ ထိပ်ဆုံးနေရာနဲ့ အမှတ်ပေးဇယားအဆင့် (၈၊၉) နေရာရရင် ကျေနပ်ပါတယ်။ လက်ရှိ အသင်းအနေအထားအရလည်း ဖြစ်နိုင်တယ်လို့ ယုံကြည်ပါတယ်။ MNL မှာ အောင်မြင်မှုရရှိလာဖို့တော့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာပါ။ သုံးနှစ်အတွင်း ချန်ပီယံဆုဖလား ရရှိအောင်တော့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။ အခု အသင်းသားတွေကို ပွဲတိုင်းမှာ နိုင်လိုစိတ်အပြည့်နဲ့ ကစားဖို့၊ အသန့်ရှင်းဆုံးကစားဖို့ မှာကြားထားပါတယ်။ အသင်းနိုင်ပွဲတွေရတိုင်းလည်း ဆုကြေးတွေ ချီးမြှင့်ပါတယ်။ ပြည်တွင်းလူငယ်တွေကို အဓိက ပြုစုပျိုးထောင်ပြီး နိုင်ငံ့လက်ရွေးစင်ဖြစ်လာအောင် ဆောင်ရွက်ပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

မနောမြေအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးဇခုန်ယိန်းဆောင်၊ CEO အဖြစ် ဦးအောင်နိုင်စိုး၊ အုပ်ချုပ်သူအဖြစ် ဦးမိုးကျော်သူ၊ နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြအဖြစ် ဦးအုန်းကြိုင်၊ ဂိုး-နည်းပြအဖြစ် ဦးခင်မောင်ရွှေ၊ ကစားသမားများအဖြစ် မုန်ထွယ်အောင်(ဂိုး)၊ ဝေလင်းထိုက်(ဂိုး)၊ သိန်းဇော်ထိုက် (ဂိုး)၊ ထွန်းထွန်းလတ်(ဂိုး)၊ အောင်ဟိန်းကျော်၊ ဝင်းဇော်အောင်၊ စိုင်းသန်းအောင်၊ အောင်မြင့်မြတ်(၁)၊ သန်းထိုက်၊ ညီညီဇော်၊ သက်နောင်ဦး၊ ဇော်မင်းနောင်၊ ဟိန်းမင်းလတ်၊ ဇော်နိုင်ထွန်း၊ မျိုးဝေယံ၊ စည်သူအောင်၊ သီဟဇော်၊ ကျော်မျိုးဝင်း၊ စိုးကိုကိုထွန်း၊ အောင်ကျော်ဇင်၊ မောင်မောင်အောင်၊ လှိုင်ဝင်းအောင်၊ တင်အောင်မိုး၊ အောင်မြင့်မြတ်(၂)၊ ထက်ကျော်သူဝင်း၊ အောင်ဇော်လတ်၊ ဝေဖြိုး၊ ကျော်ဇေယျာဝင်း၊ သက်နိုင်စိုး၊ နော်ဆန့်နှင့် အောင်မျိုးဇော်တို့ ပါဝင်ကြသည်။ **(အောက်ပုံ)**

သရေကျ

မနောမြေအသင်းသည် ဇွဲကပင်ယူနိုက်တက်ကို နှစ်ဂိုး - ဂိုးမရှိ၊ နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဒယ်လ်တာယူနိုက်တက်ကို လေးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိထားပြီး ဆောက်သမ်းမြန်မာနဲ့ နှစ်ဂိုးစီ သရေကျထားပါတယ်။ ဥဿာယူနိုက်တက်၊ ကမ္ဘောဇ၊ ဇေယျာရွှေမြေနဲ့ ရန်ကုန်ယူနိုက်တက်တို့ကို ရှုံးနိမ့်ထားပြီး ဇွန် ၅ရက်မှာ ရတနာပုံအသင်း၊ ဇွန် ၁၂ရက်မှာ မကွေးအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက်လည်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တင်ပြတောင်းဆိုလာပါက FIFA မှ ကူညီပံ့ပိုးမှုများ ထပ်မံပေးနိုင်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

ဆက်လက်ပံ့ပိုး

ထို့အပြင် FIFA အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လက်ရှိဆောင်ရွက်လျက်ရှိသော မြန်မာနေရှင်နယ်လိဂ် အပါအဝင် လူငယ်ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ဘောလုံးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ချီးကျူး အသိအမှတ်ပြုခဲ့ပြီး မြန်မာ့ဘောလုံးအတွက် FIFA မှ လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆက်လက်ပံ့ပိုးပေးနိုင်ရန် အစီအစဉ်များရှိကြောင်း သိရသည်။ **(ဘောလုံးအဖွဲ့ချုပ်)**

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု

ကျော်ကျော်လှိုင် (SMART)

ကမ္ဘာကြီးပူနွေးလာသည့်အတွက် ဝင်ရိုးစွန်းရှိရေခဲများ အရည်ပျော်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်လာရသည်ကို ယနေ့ သတင်းများ၊ စာစောင်များတွင် တွေ့မြင်နေရသည်။

ကမ္ဘာကြီးပူနွေးလာရသည်မှာ မည်သည့်အကြောင်းကြောင့်လဲ။ ကမ္ဘာပေါ်ရှိ လေထုထဲတွင် အပူထိန်းဓာတ်ငွေ့(Green House Gas)ရှိပြီး အပူထိန်းဓာတ်ငွေ့တွင် အောက်ပါအမျိုးအစားအတိုင်း ဓာတ်ငွေ့များ ပါဝင်သည် -

- ရေခိုးရေငွေ့ ၃၆-၇၂ ရာခိုင်နှုန်း
- ကာဗွန်ဒိုင်အောက်ဆိုဒ် ၉-၂၆ ရာခိုင်နှုန်း
- မီသိန်းဓာတ်ငွေ့ ၄-၉ ရာခိုင်နှုန်း
- အိုဇုန်းဓာတ်ငွေ့ ၃-၇ ရာခိုင်နှုန်း
- CFC,SF_6 အစရှိသည့် စက်မှုသုံးဓာတ်ငွေ့များ။

နေရောင်ခြည်စွမ်းအင်သည် ကမ္ဘာပေါ်သို့ ကျရောက်လာသောအခါ အချို့သည် အပူလှိုင်းအဖြစ် အာကာသထဲသို့ ပြန်ထွက်သွားပြီး အချို့ အပူလှိုင်းများကို အပူထိန်းဓာတ်ငွေ့များက ဖမ်းယူထားသဖြင့် လေထုထဲတွင် အပူချိန်မြင့်လာသည်။

အပူထိန်းဓာတ်ငွေ့သည် ကမ္ဘာကြီး၏အပူချိန်ကို သက်သောင့်သက်သာ နေနိုင်သော အပူချိန်ဖြစ်အောင် ထိန်းထားသည်။ ကမ္ဘာ၏ ပျမ်းမျှအပူချိန်သည် အပူထိန်းဓာတ်ငွေ့ကြောင့် ၅၇ ဒီဂရီဖာရင်ဟိုက်ဖြစ်သော်လည်း အပူထိန်းဓာတ်ငွေ့မရှိလျှင် (-)(၀ ဒသမ ၄) ဒီဂရီဖာရင်ဟိုက်သို့ ကျဆင်းသွားမည် ဖြစ်သည်။

အပူထိန်းဓာတ်ငွေ့သည် ရှိသင့်သောပမာဏထက် ပိုလာသောအခါ ကမ္ဘာကြီး၏ အပူချိန်သည် မြင့်တက်လာပြီး ကမ္ဘာကြီးသည် ပူနွေးလာပါသည်။ အောက်ပါအချက်များသည် ကမ္ဘာကြီးကိုပူနွေးစေသော တစ်နည်းအားဖြင့် အပူထိန်းဓာတ်ငွေ့ပမာဏကို တိုးလာစေသော အချက်များဖြစ်သည် -

(က) ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့လောင်ကျွမ်းမှု

ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့လောင်ကျွမ်းမှုကြောင့် ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲတွင် များလာစေသည်။ လူတို့ကြောင့် တိုးလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၂၅ရာခိုင်နှုန်းသည် သယ်ယူပို့ဆောင်ရေးကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကားပေါင်း သန်း ၇၅၀က ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ ၂ ဒသမ ၂၅ တန် နှစ်စဉ် ထုတ်လုပ်သည်။

(ခ) သစ်တောများပြုန်းတီးမှု

သစ်တောများကို အလွန်အကျွံခုတ်ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးရသည်။ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်လွှတ်သည်။ သစ်တောများ ပြုန်းတီးလာသောအခါ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူမှုနည်းသွားသည်။ နှစ်စဉ် ကမ္ဘာပေါ်တွင် သစ်တောဧက ၁၈ သန်းခန့် ဆုံးရှုံးနေသည်။

(ဂ) နွား၊ သိုး၊ ဝက်တို့ကို စီးပွားဖြစ် အမြောက်အမြားမွေးမြူခြင်း

မွေးမြူရေးမှထွက်ရှိသော မီသိန်းဓာတ်ငွေ့သည် အပူကို စုပ်ယူမှုအားကောင်း၍ ကမ္ဘာကြီးကို ပူနွေးစေ၏။

(ဃ) ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲမှု

မီသိန်းဓာတ်ငွေ့နှင့် ဓာတ်မြေဩဇာများသုံးစွဲမှုမှ ထွက်ရှိသော နိုက်ထြပ်အောက်ဆိုဒ် အပူထိန်းဓာတ်ငွေ့သည် ကမ္ဘာပေါ်တွင် လူတို့ကြောင့်တိုးလာသော အပူထိန်းဓာတ်ငွေ့၏ ၁၅ ရာခိုင်နှုန်းဖြစ်သည်။

(င) လေအေးစက်၊ ရေခဲသေတ္တာ၊ အအေးခန်းတို့တွင် အသုံးပြုသော CFC Chlorofluorocarbon ဓာတုပစ္စည်း။

လေ့လာတွေ့ရှိချက်များအရ လေထုထဲတွင် အပူထိန်းဓာတ်ငွေ့သည် ၁၉၇၀ ခုမှ ၂၀၀၄ခုနှစ်အထိ နှစ်ပေါင်း ၃၄နှစ်အတွင်း ၇၀ ရာခိုင်နှုန်း တိုးလာသည်။ ၁၈၅၀ မှ ၂၀၀၅ခုနှစ်အတွင်း အပူချိန်သည် ၀ ဒသမ ၇၆ ဒီဂရီစင်တီဂရိတ် တိုးလာသည်။ ၂၁ရာစုမကုန်မီ အပူချိန်သည် ၄ဒီဂရီ မှ ၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်အထိ တိုးလာနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းကြသည်။ ၁၉၉၀ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း အပူချိန်အမြင့်ဆုံးနှစ် ၁၀ကြိမ် ဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတု ပြောင်းလဲခြင်းများသည် ကမ္ဘာပေါ်တွင် နေရာဒေသတိုင်း၌ ဖြစ်ပေါ်နေပါသည်။ ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာပြီး ဖြစ်ပေါ်လာသည့် ဆိုင်ကလုန်းမုန်တိုင်းများသည့် ပိုမိုအားကောင်းလာသည်။ ကမ္ဘာပေါ်တွင် ၁၉၇၀ခုနှစ်က အားကြီးသည့် မုန်တိုင်း ရှစ်ခုသာ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် ၁၈ခု ဖြစ်ပေါ်ခဲ့သည်။ အယ်လ်နီညိုသည် ကမ္ဘာကြီးပူနွေးမှုကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်သော်လည်း အယ်လ်နီညိုဖြစ်ပေါ်မှုများ စိပ်လာသည်ကို တွေ့ရှိရ၏။ တချို့ဒေသများတွင် မိုးခေါင်မှုများဖြစ်ပေါ်ပြီး တချို့ဒေသများတွင် မိုးရွာသွန်းမှုများခြင်းကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းတို့နှင့် ကြုံတွေ့ရ၏။

တရုတ်နိုင်ငံ ပေကျင်းမြို့၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့နှင့် အမေရိကန် ပြည်ထောင်စု တက္ကဆပ်ပြည်နယ်တို့တွင်လည်း ယခုနှစ် ဆောင်းရာသီတွင် ဆီးနှင်းများ မကြုံစဖူး ထူးကဲစွာ ကျရောက်ခဲ့၏။ ဥရောပနိုင်ငံများတွင်လည်း ယခုနှစ်တွင် သာမန်ဆောင်းတွင်း အပူချိန်ထက် လွန်ကဲစွာ အေးသော ဆောင်းတွင်းနှင့် ကြုံတွေ့ရ၏။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်နေသည်ကို လျစ်လျူရှု၍ မရတော့ပါ။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေအပူချိန်များ မြင့်တက်လာသည်။ ပင်လယ်ရေ အပူချိန်မြင့်လာ၍ ရေငွေ့ပြန်နှုန်းများလာသည်။ ရေငွေ့ပြန်နှုန်းများလာ၍ မိုးကြီးခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ ဖြစ်လာသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြောက်ဝင်ရိုးစွန်းရှိ ရေခဲပြင်များ အရည်ပျော်လာသည်။ ရေခဲပြင်များ အရည်ပျော်မှုကြောင့် ပင်လယ်ရေမျက်နှာပြင် တိုးလာသည်။ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ၄၆သန်းသည် ရေကြီးမှုကြောင့် ဒုက္ခရောက်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်သည် ရေခဲများ အရည်ပျော်မှုကြောင့် ၅၀ စင်တီမီတာ တိုးလာလျှင်ပင် လူဦးရေ ၉၆သန်းသည် ရေကြီးမှုကြောင့် ဒုက္ခရောက်သွားနိုင်သည်။

မိုးရွာသွန်းမှုနည်းပါးသော အရပ်ဒေသများသည် မိုးပိုမိုခေါင်လာသည်။ မိုးခေါင်မှုကြောင့် နှစ်စဉ် သဲကန္တာရများ ပိုမိုဖြစ်ပေါ်လာသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၁၀ မှ လူဦးရေ သန်း ၂၀၀၀ခန့်သည် မိုးခေါင်မှု၊ သဲကန္တာရများ ပိုမိုဖြစ်ပေါ်မှုတို့ကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ကျွမ်းကျင်ပညာရှင်များ၏ တွက်ချက်မှုအရ ကမ္ဘာပေါ်ရှိ စိုက်ပျိုးမြေ၏ ၃၀ရာခိုင်နှုန်းသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဲကန္တာရအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်ဟု ဆိုထားသည်။

ကမ္ဘာကြီးပူနွေးလာမှုသည် ကမ္ဘာပေါ်ရှိလူသားတိုင်းနှင့် သက်ဆိုင်နေပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရန် လူသားတိုင်းမှာ တာဝန်ရှိပါသည်။ အောက်ပါအချက်များကို လိုက်နာခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ တားဆီးရာရောက်ပါသည် -

၁။ ဒီဇယ်၊ ဓာတ်ဆီ၊ မီးသွေးအသုံးပြုခြင်းကို လျှော့ပါ။
၂။ လျှပ်စစ်ကို ချွေတာပါ။ အသုံးမလိုသည့်မီးများကို ပိတ်ပါ။
၃။ Renewable Energy ပြန်ပြည့်မြဲ စွမ်းအင်ကိုသုံးပါ။ (ရေအား၊ နေရောင်ခြည်စွမ်းအင်၊ လေအား)
၄။ ဟင်းသီးဟင်းရွက်စားပါ။ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၍စားပါ။
၅။ သစ်တောပြုန်းတီးမှုကို ကာကွယ်ပါ။ သစ်ပင်စိုက်ပါ။ (မြို့နေလူတစ်ဦးသည် ပျမ်းမျှ ၉ ဒသမ ၇ မက်ထရစ်တန် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို တစ်နှစ်အတွင်း ထုတ်လွှတ်၏။ ၄င်းဓာတ်ငွေ့ကို စုပ်ယူရန် သစ်ပင် ၄၇၇ ပင်လို၏။)
၆။ မိမိနေထိုင်ရာဒေသမှ ထွက်ကုန်များကို အများဆုံးအသုံးပြုပါ။ (အခြားဒေသမှထွက်ကုန်များသည် လောင်စာကို အသုံးပြုပြီးမှ မိမိဒေသသို့ ရောက်ရှိလာခြင်းဖြစ်၏။ ဒေသထွက်ကုန်များသည် လတ်ဆတ်ပြီး ဈေးလည်းချို၏။)
၇။ ကြွပ်ကြွပ်အိတ်အသုံးပြုခြင်းကို တတ်နိုင်သလောက် ရှောင်ပါ။ ဈေးဝယ်ထွက်လျှင် ခြင်း သို့မဟုတ် ထည့်စရာအိတ် ယူသွားပါ။
၈။ ရေကို ချွေတာပါ။ မိုးတွင်းတွင် မိုးရေကို ခံသုံးပါ။
၉။ စက္ကူကို ချွေတာပါ။
၁၀။ ပစ္စည်းများကို အလွယ်တကူ လွှင့်မပစ်ဘဲ ပြန်သုံး၍ရသလောက်သုံးပါ။ (Recycle, Reuse)

အထက်ပါ ၁၀ချက်ကို လိုက်နာခြင်းဖြင့်လည်းကောင်း၊ အများကို သိရှိအောင် ဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်ကို တားဆီးကြရန်လိုပါသည်။ အများအကျိုးကို ဆောင်ရွက်သူသည် စိတ်နှလုံးအေးချမ်းပျော်ရွှင်သူ ဖြစ်ပါသည်။ စိတ်နှလုံးအေးချမ်း ပျော်ရွှင်နေသူသည် အောင်မြင်မှုများကို အစဉ်အမြဲ ရရှိနေပါမည်။

ဤဆောင်းပါးဖြင့် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်နေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

သွေးနှင့်သွေးရောဂါဆိုင်ရာ သုတေသနပညာရှင်များအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး**(အောက်ပုံ)**သည် မေ ၃၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသော သွေးနှင့်သွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများတင်ပြသည့် အစည်းအဝေးသို့ တက်ရောက်၍ သုတေသနလုပ်ငန်းသည် အရေးပါသည့် လုပ်ငန်းဖြစ်သဖြင့် ပညာရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ရလဒ်များကို ပညာဖြန့်ဖြူးပေးရန်

လိုကြောင်း၊ သွေးရောဂါများနှင့်စပ်လျဉ်းသည့် ပညာပေးလုပ်ငန်းကိုလည်း အစဉ်အမြဲ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် အမျိုးသားသွေးသုတေသနဌာနမှ ညွှန်ကြားရေးမှူးနှင့် သုတေသီများက သွေးသုတေသနပြု ဆောင်ရွက်ချက်များနှင့် သုတေသနတွေ့ရှိချက်များကို တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အစည်းအဝေးသို့ သွေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များ၊ ဆေးရုံကြီးများမှ ပါမောက္ခများ၊ သမားတော်များ၊ သွေးဘက်ဆိုင်ရာ သမားတော်များနှင့် ပညာရှင်များ တက်ရောက်ကြသည်။

ဆေးပညာသင်ကြားရေး

ဒုတိယဝန်ကြီးသည် မေ ၃၁ရက် နံနက် ၉ နာရီက ဆေးတက္ကသိုလ်(၁) ရန်ကုန် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများအား တွေ့ဆုံ၍ ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

ဇွန် ၃ ရက် ညနေအထိခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

မန်စီးတီးနည်းပြမန်စီနီ မိုင်ကွန်အား ခေါ်ယူလို

အင်တာမီလန်မှ ဘရာဇီး ညာနောက်ခံလူ မိုင်ကွန်သည် မန်စီးတီးနည်းပြ ရောဘတ်တိုမန်စီနီ၏ ယခုနွေရာသီတွင် ခေါ်ယူလိုသော ကစားသမားများအနက် ထိပ်ဆုံးမှ ပါဝင်နေကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားသည်။

ဆန်တာခရုဇ်အား ခေါ်ယူရန် ဘင်နီတက်ဇ် စဉ်းစား

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် မန်စီးတီးတိုက်စစ်မှူး ဆန်တာခရုဇ်အား စာချုပ်ခေါ်ယူရန်စဉ်းစားနေကြောင်း၊ ယင်းသို့ ခေါ်ယူရာတွင် လီဗာပူး ကွင်းလယ်ကစားသမား ဘီနာယောင်အား အလိုက်ပေးကမ်းလှမ်းဖွယ်ရှိကြောင်း ဖော်ပြသည်။

မီလ်နာ၏ပြောင်းရွှေ့ကြေး ပေါင်သန်း၃၀ဟုဗီလာဈေးခေါ်

မန်စီးတီးအသင်းအနေဖြင့် အက်စ်တွန်ဗီလာကွင်းလယ်ကစားသမားဂျိမ်းစ်မီလ်နာအားခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ပေးရမည်ဖြစ်ကြောင်း ယင်းအသင်းကဆိုသည်။

ဆိုင်မွန်ကေဂျာအား ခေါ်ယူရေး ဖာဂူဆန်ပြင်ဆင်

မန်ယူနည်းပြဖာဂူဆန်သည် ယခုနွေရာသီတွင် ပါလာမို၌ ခြေစွမ်းပြနေသော ဆယ်ကျော်သက် ဗဟိုခံစစ်မှူး ဆိုင်မွန်ကေဂျာအား စာချုပ်ခေါ်ယူရန် ပြင်ဆင်နေသည်။

ဖာဘရီဂတ်စ်အား ခေါ်ယူနိုင်မည်ဟု ဘာကာယုံကြည်ဆဲ

စပိန်လာလီဂါမှ ဘာစီလိုနာသည် အာဆင်နယ်အသင်းခေါင်းဆောင်နှင့် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား စာချုပ်ခေါ်ယူနိုင်မည်ဟု ယုံကြည်နေဆဲဖြစ်သည်ဟု ဆိုသည်။

ဘော်ဒိုးမှ ဂေါ်ကပ်ဖ်အား အာဆင်နယ်စိတ်ဝင်စား

အာဆင်နယ်အသင်းသည် ဖာဘရီဂတ်စ် ထွက်ခွာသွားပါက အစားထိုးရန်အတွက် ဘော်ဒိုးကွင်းလယ်ကစားသမား ယိုအန်ဂေါ်ကပ်ဖ်အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ ဂေါ်ကပ်ဖ်အား ခေါ်ယူလိုသော ပြင်သစ်အသင်း လိုင်ယွန်နှင့် အပြိုင်ကြိုးပမ်းခေါ်ယူရဖွယ်ရှိသည်။

အဲဗာတန်မှ အာတီတာအား မန်ယူကခေါ်ယူလို

အဲဗာတန်အသင်းတွင် နေရာရရေးရုန်းကန်နေရပြီး အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးသော အဲဗာတန်ကွင်းလယ်ကစားသမား မီခေးလ်အာတီတာအား မန်ယူက စာချုပ်ခေါ်ယူလိုသည်ဟု ဆိုသည်။

တိုက်စစ်မှူးကာလ်တန်ကိုးလ်အား စတုတ်ကခေါ်ယူဖွယ်

စတုတ်စီးတီးအသင်းနည်းပြ တိုနီပူလစ်သည် အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၂သန်းဖြင့် ဝက်စ်ဟမ်းတိုက်စစ်မှူး ကာလ်တန်ကိုးလ်အား ခေါ်ယူဖွယ်ရှိသည်။

ဂျိုးကိုးလ်အားခေါ်ယူရေး အာဆင်နယ်နှင့်စပါး စိုင်းပြင်း

အာဆင်နယ်နှင့်စပါးတို့သည် ယခုနွေရာသီတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုးကိုးလ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စိုင်းပြင်းလျက်ရှိကြသည်။

ပြင်သစ်အိုးပင်း ကွာတားဖိုင်နယ်၌ ဖက်ဒဲယာ ရှုံးပွဲကြုံ

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အသက် ၂၅နှစ်ရှိ ဆွီဒင်တင်းနစ်သမား ရော်ဘင်ဆိုဒါလင်သည် ကမ္ဘာ့အဆင့် (၁)နှင့် လက်ရှိ ပြင်သစ်အိုးပင်းချန်ပီယံ ရော်ဂျာဖက်ဒဲယာအား ၃-၆၊ ၆-၃၊ ၇-၅၊ ၆-၄ဖြင့် အနိုင်ရခဲ့သဖြင့် ဖက်ဒဲယာ၏ ၂၃ကြိမ်ဆက်တိုက် အကြိုဗိုလ်လုပွဲ တက်ရောက်ရေး အိပ်မက် ပျက်ပြယ်ခဲ့ရသည်။

နည်းပြဂရန့် ဝက်စ်ဟမ်းနည်းပြ ဖြစ်လာမည်

ပို့စ်မောက်နှင့် ချယ်လ်ဆီးနည်းပြဟောင်း ဂရန့်သည် ဝက်စ်ဟမ်းနည်းပြ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ၎င်းအသင်းက ကြေညာသည်။

ဂျိုးကိုးလ် ချယ်လ်ဆီးမှ ထွက်ခွာသင့်ဟုဆို

ယခုနှစ်နွေရာသီ စာချုပ်ကုန်ဆုံးချိန်တွင် ချယ်လ်ဆီးမှ ထွက်ခွာသင့်ပြီဖြစ်ကြောင်း ချယ်လ်ဆီးတွင် ပုံမှန်ကစားခွင့်မရသည့် ဂျိုးကိုးလ်အား စပါးနည်းပြ ရက်နက်က ပြောကြားသည်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလား၊ ရီရဲမက်ဒရစ်နှင့် ရွှန်နီ

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဇွန် ၂

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကား ဇွန် ၁၁ရက်(သောကြာနေ့)တွင် စတင်ပေတော့မည်။ ကမ္ဘာ့ဖလား ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ အင်္ဂလန်အသင်းတိုက်စစ်မှူး ရွှန်နီ၏ခြေထောက်ဒဏ်ရာက သက်သာမှုမရှိသဖြင့် နည်းပြကာပယ်လို စိတ်ပူပန်မှုဖြစ်ပွားနေချိန်၊ အင်္ဂလန် ပရိသတ်များလည်း စိုးရိမ်သောက ဖြစ်ပွားနေချိန် ရီရဲမက်ဒရစ်ကလပ်က ရွှန်နီကို ခေါ်ယူတော့မည်ဟူသော သတင်းထပ်မံထွက်ပေါ်လာရာ မန်ယူပရိသတ်များ သောကပွားစရာဖြစ်နေရပြီ ဖြစ်သည်။

ဆန္ဒ

ရီရဲမက်ဒရစ်အသင်းသို့ မော်ရင်ဟို ရောက်ရှိလာသည့်နေ့၌ ရီရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပီရက်ဇ်က မော်ရင်ဟို ခေါ်ယူလိုသော ကစားသမားများရှိလျှင် ပြောပါဟု ဆိုသဖြင့် မော်ရင်ဟိုက ၎င်း၏ဆန္ဒများအနက် တစ်ဦးသာ ပြောကြားခဲ့သည်။ အင်္ဂလန်တိုက်စစ်မှူး ရွှန်နီကို လိုချင်သည်။

ချင်ခြင်းတပ်

မော်ရင်ဟို အင်တာမီလန်အသင်း၌ နည်းပြအဖြစ်တာဝန်ယူကတည်းက ရွှန်နီကို ခေါ်ယူလိုသည့် ချင်ခြင်းတပ်ခဲ့သည်။ ရွှန်နီကိုခေါ်ယူနိုင်လျှင် အင်တာမီလန်အသင်းတိုက်စစ်အတွက် မိမိတောက်ကြွားနိုင်မည်ဟု ယုံကြည်စိတ်ဖြစ်ခဲ့သည်။ သို့သော်အင်တာမီလန်အသင်း၌ ဖြစ်နိုင်ရန် အခက်အခဲရှိနေသဖြင့် မော်ရင်ဟိုဆန္ဒ အထမမြောက်ခဲ့။

ဆန္ဒထပ်တူ

မော်ရင်ဟိုက ရွှန်နီကို ခေါ်ယူလိုသကဲ့သို့ ရီရဲအသင်းဥက္ကဋ္ဌ ပီရက်ဇ်ကလည်း ရွှန်နီကို ခေါ်ယူရန် ငွေထုပ်တကိုင်ကိုင် ဖြစ်နေခဲ့သည်။ ယခု မော်ရင်ဟိုနှင့် ပီရက်ဇ်တို့ ဆန္ဒထပ်တူဖြစ်ခဲ့ပြီ။ ပီရက်ဇ်က စိတ်မြန်သည်။ ဆုံးဖြတ်ချက်ကို မြန်မြန်ချသည်။ မန်ယူအသင်းကို တရားဝင်အကြောင်းကြားစေလိုသည်။ ၎င်းကိုယ်စားလှယ်များကို မန်ယူအသင်းသို့စေလွှတ်သည်။ အကျေအလည်ဖြစ်အောင် ဆွေးနွေးပေးသည်။

ငွေကြေး

ရီရဲမက်ဒရစ်က ရွှန်နီကို ပြောင်းရွှေ့ကြေး ပေါင် ၉၅ သန်းပေးမည်ဟု ဈေးပေးလိုက်ပြီဖြစ်သည်။ ရွှန်နီအတွက် ရီရဲမက်ဒရစ်အသင်းက ပေါင်သန်း ၁၀၀ အထိသုံးစွဲရန် ရည်မှန်းထားသည်။ ရွှန်နီအတွက် လုပ်ခလစာ၊ ဆုကြေးငွေများနှင့် ပြောင်းရွှေ့ကြေးသည် ကမ္ဘာ့အမြင့်ဆုံးစံချိန်များဖြစ်စေရမည်ဟု ဆိုထားသည်။

မန်ယူ

ရီရဲမက်ဒရစ်တို့က ငွေထုပ်ကိုင်ပြီး ကိုင်လှုပ်လာသဖြင့် ဖာဂူဆန် ထိတ်ထိတ်ပျာပျာဖြစ်ရပြီ။ ပြီးခဲ့သည့်နှစ်က စီရိုနယ်ဒိုကို ရီရဲမက်ဒရစ်တို့ ခေါ်ယူသွားသဖြင့် မန်ယူတို့တိုက်စစ်အားပျော့ပြီး ပရီမီယာလိဂ်ဖလား လက်လွှတ်ခဲ့ရသည်။ မန်ယူ၏တိုက်စစ်အား ကျဆင်းခဲ့ရသည်။ ပြိုင်ဘက်များအပေါ် လွှမ်းမိုးနိုင်မှုအရှိန်အဝါ လျော့ပါးခဲ့သည်။ သို့သော် ရွှန်နီကြောင့် အခြေအနေဆိုးဆိုးရွားရွားမဖြစ်ခဲ့။ ရွှန်နီရဲ့ခြေစွမ်းကြောင့် မန်ယူတို့ ဂုဏ်သိက္ခာမကျဆင်းခဲ့ချေ။

ပိုင်ရှင်များဆန္ဒ

ရွှန်နီကို ပေါင်သန်း ၁၀၀နီးပါး ပေးမည်ဆိုသော ရီရဲမက်ဒရစ်အသင်း၏ မက်လုံးကြောင့် မန်ယူအသင်း ပိုင်ရှင် ဂလေဇာမိသားစုများ ခေါင်းထောင်လာသည်။ မန်ယူအသင်းကိုဝယ်ယူကတည်းက တင်ရှိနေခဲ့သော အကြွေးများက ယခုအထိ မကျေနိုင်။ အရပ်ရပ်ဝင်ငွေများကလည်း အကြွေးဆပ်လောက်အောင် မရရှိ။ ငွေကြေးအခက်အခဲဖြစ်နေချိန် ရွှန်နီကိုပေါင်သန်း ၁၀၀နီးပါးပေးမည်၊ ရောင်းပါဆိုသောစကားက ဂလေဇာတို့အတွက် နားဝင်ချိုစရာပင် ဖြစ်ခြေပြီ။

အက်ဖ်အေ

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲက နီးကပ်နေပြီ။ အင်္ဂလန်နည်းပြ ကာပယ်လိုကို အင်တာမီလန်က ကမ်းလှမ်းနေသဖြင့် ဖြေရှင်းနေရချိန်တွင် တိုက်စစ်မှူး ရွှန်နီကိစ္စက ထပ်မံထွက်ပေါ်လာသဖြင့် အက်ဖ်အေ ခေါင်းခဲရသည်။ နည်းပြနှင့်တိုက်စစ်မှူးတို့ စိတ်အနှောင့်အယှက် ကင်းကင်းဖြင့် ပြိုင်ပွဲဝင်လိုစေသည်။ ယခုကိစ္စများ ခေတ္တရပ်ဆိုင်းထားရန် သက်ဆိုင်ရာကို အက်ဖ်အေက မေတ္တာရပ်ခံထားသည်။ အင်္ဂလန်အသင်း ကမ္ဘာ့ဖလားပွဲ၌ အောင်မြင်မှုရရှိရေးက အရေးကြီးသည်။

ရီရဲအသင်းက ရွှန်နီကိုခေါ်ယူရေး၌ ကစားဖော် စီရိုနယ်ဒိုက ထောက်ခံထားသည်။ ရွှန်နီက မန်ယူ၌ သာပျော်ပါသည်ဟုဆိုနေသည်။ မန်ယူ၊ ရွှန်နီနှင့် ရီရဲမက်ဒရစ်တို့ကား စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်က အမှန်ပင်။ ။

ကိုးကား-အင်တာနက်

နှစ်နှစ်အတွင်း ချန်ပီယံလိဂ်ဖလား ရီရဲနှင့်အတူဆွတ်ခူးရန် မော်ရင်ဟိုပြောကြား

မက်ဒရစ် ဇွန် ၂

မိမိအနေဖြင့် ရီရဲမက်ဒရစ်အသင်း နည်းပြသစ် ဖြစ်လာပြီးနောက် နှစ်နှစ်အတွင်း ရီရဲမက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးသွားနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်းနည်းပြ မော်ရင်ဟိုက ပြောကြားသည်။

ချုပ်ဆို

နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သော ဘောလုံးရာသီတွင် အင်တာမီလန်အသင်းနှင့်အတူ စီးရီးအေဖလား၊ အီတာလျံဖလားနှင့် ချန်ပီယံလိဂ်ဖလားများကို ဆွတ်ခူးခဲ့ပြီးနောက် ရီရဲမက်ဒရစ်အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

ဆွတ်ခူး

မိမိသည် ချယ်လ်ဆီးနည်းပြတာဝန်ယူစဉ် ဒုတိယနှစ်တွင် ချယ်လ်ဆီးကို ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအထိ အရောက်ပို့ပေးနိုင်ခဲ့သကဲ့သို့ အင်တာမီလန်မှာလည်း ဒုတိယနှစ်၌ ဖလားဆွတ်ခူးပေးနိုင်ခဲ့ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

(အင်တာနက်)



တိုက်စစ်မှူး ဝေါလ်ကော့ ကမ္ဘာ့ဖလားတွင် မပါဝင်

လန်ဒန် ဇွန် ၂

တောင်အာဖရိက၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် နည်းပြကာပယ်လိုက နောက်ဆုံး ကစားသမား ၂၃ဦး ဆန်ခါတင် ရွေးချယ်လိုက်ပြီဖြစ်ရာ ယင်းစာရင်းတွင် အာဆင်နယ် တိုက်စစ်မှူး ဝေါကော့မပါဝင်ကြောင်း သတင်းများက ဖော်ပြသည်။

ပါဝင်

အသက် ၂၁ နှစ်ရှိ ဝေါလ်ကော့သည် ကမ္ဘာ့ဖလားတွင် ပါဝင်ကစားခွင့်ရရန် မျှော်လင့်ချက်ကြီးစွာထားခဲ့သူဖြစ်သည်။ သို့သော် ကာပယ်လိုက မရွေးဘဲ ချန်ထားရစ်ခဲ့သည်။ ၎င်းသည် မက္ကဆီကို၊ ဂျပန်တို့နှင့် အင်္ဂလန်ချစ်ကြည်ရေးပွဲများ ကစားရာတွင် အစိက ပါဝင်ကစားပေးခဲ့သူ ဖြစ်သည်။

မပါဝင်

ကာပယ်လို၏ စာရင်းတွင် ဒါရင်ဘင့်၊ အဒမ်ဂျွန်ဆင်၊ စကော့ပါကာ၊ မိုက်ကယ်ဒေါဆင်၊ ဟတ်ဒယ်စတုန်းတို့လည်း မပါဝင်ခဲ့ပေ။ သို့သော် ဒဏ်ရာမှသက်သာလာသော ဂါးရက် ဘယ်ရီ ပါဝင်ခဲ့သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမား ရမ်ဆေး အာဆင်နယ်နှင့် စာချုပ်သစ် ချုပ်ဆို

လန်ဒန် ဇွန် ၂

ကွင်းလယ်ကစားသမား ရမ်ဆေးအား အာဆင်နယ်က နှစ်ရှည်စာချုပ်လိုက်ပြီဖြစ်သည်။

ကစားပေး

အသက် ၁၉နှစ်ရှိ ရမ်ဆေးသည် ၂၀၀၈ခုနှစ်က ပေါင် ငါးသန်းဖြင့် ကာဒစ်မှ အာဆင်နယ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းသည် ဖေဖော်ဝါရီက စတုတ်စီးတီးနှင့် ကစားစဉ် ထိခိုက်ဒဏ်ရာ ရရှိနေရာမှ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သည်။ ၎င်းအနေဖြင့် ပြီးခဲ့သောရာသီက အာဆင်နယ်အသင်းအတွက် ၂၉ပွဲ ပါဝင်ကစားပေးခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း

ဂိုး -	ဂျိုးဟတ်(မန်စီးတီး)၊ ဒေးဗစ်ဂျိမ်းစ်(ပို့စ်မောက်)၊ ရောဘတ်ဂရင်း(ဝက်စ်ဟမ်း)။
နောက်တန်း -	ကာရေဂါ(လီဗာပူး)၊ အက်ရှ်လေကိုးလ်(ချယ်လ်ဆီး)၊ ဖာဒီနန်(မန်ယူ)၊ ဂျွန်ဆင်(လီဗာပူး)၊ လက်ဒ်လေကင်း(စပါး)၊ ဂျွန်တယ်ရီ(ချယ်လ်ဆီး)၊ မက်သရူးအပ်ဆန်(ဝက်စ်ဟမ်း)၊ စတီဗင်ဝါနော့(ဗီလာ)။
ကွင်းလယ် -	ဂါးရက်ဘယ်ရီ(မန်စီးတီး)၊ ကာရစ်(မန်ယူ)၊ ဂျိုးကိုးလ်(ချယ်လ်ဆီး)၊ ဂျရတ်(လီဗာပူး)၊ လမ်းပတ်(ချယ်လ်ဆီး)၊ လင်နွန်(စပါး)၊ ဂျိမ်းစ်မီလ်နာ (ဗီလာ)၊ ရိုက်ဖီးလစ်(မန်စီးတီး)။
ရှေ့တန်း -	ပီတာခရောက်ချ်(စပါး)၊ ဂျာမိန်းဒီဖိုး(စပါး)၊ ဟတ်စကီး(ဗီလာ)၊ ရွှန်နီ (မန်ယူ)။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းတင်(မန်းတင်)-ဒေါ်သန်းတင်တို့၏မြေး၊
ဦးဝင်းတင်-ဒေါ်ငွေငွေးယဉ်တို့၏ တစ်ဦးတည်းသောသား

မောင်သူရဝင်းတင်

B.E Mechanical(YIT)
M.Sc, Mechanical Engineering(NUS)
hpx Consulting Engineer,
Director, Green Star International Enterprise Pte., Ltd.

နှင့်

ပခုက္ကူမြို့နယ်၊ ကမ္မ၊ လက်ပြရပ်ကွက်၊ မြိုင်လမ်းနေ
ဦးမန်းငွေ(ပညာရေး-ငြိမ်း)-ဒေါ်ရွှေပု(ပညာရေး-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မခင်သီတာနွယ်

MC Tech(UCSM)
M.Sc, Electrical Engineering (NUS)
Deployment Lead (SOE Project)
HP Services(Singapore) Pte., Ltd.

တို့၏ ၂၈-၅-၂၀၁၀ရက်တွင် Sedona Hotel၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် ၂၉-၅-၂၀၁၀ရက် Chatrium Hotel (Grand Ballroom) တွင် ကျင်းပပြီးစီးသော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနား အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သူရဝင်းတင်-မခင်သီတာနွယ်။

လမ်းမတန်း နေရာကောင်း ရောင်းမည်

ပေ၅၀×၅၀ အကျယ် ဂရန်မြေနှင့်အိမ် စံပြဈေးအနီး လေးထောင့်ကန်လမ်းမပေါ် အလွန်စည်ကားစီးပွားရေးလုပ်ရန် သင့်။

ဖုန်း-၀၉-၅၅-၀၇၀၀၂၊ ၀၉-၅၀-၃၁၁၆၅။

အများအလိုသို့ မလိုက်၊ ဓမ္မအလိုသို့သာ လိုက်ပြီး၊
အများကြိုက်လာအောင် ကြိုးစားနေတဲ့······

အတွဲ (၃)၊ အမှတ် (၅)၊ ဇွန်လ ၂၀၁၀ ခုနှစ်

ဓမ္မရိပ်မဂ္ဂဇင်း

ပါရဂူ၊ အောင်သင်း၊ ဝဏ္ဏသီရိ၊ မြဝင်း(ဒသယန)၊ အရှင်ကောဝိဒဓဇ၊ ဓမ္မဒူတ-ဒေါက်တာပညိဿရ၊ ကံထွန်းသစ်၊ ထက်မြက်၊ ဝင်းသိန်းဦး၊ မောင်ဇေယျာ၊ မျိုးမင်းရန်အောင်၊ နတ်စည်၊ သုခေမိတ၊ မောင်လင်းခက်၊ ငွေးကြည်(စလင်း)၊ တိုးဝေ၊ မိုးထွန်း၊ ဆရာဆက်ထွန်းလင်း၊ ကိုဝင်း(အမ်ဘီအေ)၊ မင်းဝေနိုင်(ဟသ်ာတ)၊ ဦးငွေအောင်မွန်၊ အဓိပတိ- အရှင်ဣန္ဒာစရိယ၊ ခင်ရှင်စော၊ မစ္စတာဂျူတ်၊ သန်းထိုက်သူ တို့၏ ဓမ္မ သုတ ရသ စုံစွာဖြင့် ····

ထွက်ပြီ

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၃)တက္ကသိုလ်ဝင်တန်း(A)မှ မသင်းပပဝင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းမြင့်ဖြစ်ပါသည်။ **ဦးဝင်းမြင့် ၁/ဗမန(နိုင်)၀၇၈၂၁၆။**

အမည်ပြောင်း

ဦးဇာနည် ၁/ဗမန(နိုင်)၀၀၀၈၈၀၈၏ သမီး လှိုင်မြို့နယ် အမက(၁၄) Grade-5 မှ မဖြူစင်ဦးအား မဆုရတီလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုရတီလှိုင်။**

အမည်ပြောင်း

အဖ ဦးအေးမင်းလှိုင်၏သား အထက(ဇလွန်) တက္ကသိုလ်ဝင်တန်း (B)မှ မောင်ရဲရင့်အောင်အား ယနေ့မှစ၍ မောင်ရဲရင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲရင့်ကျော်။**

ရင်ဗီယာ နိုင်ငံခြားကလစ် ရောင်းဝယ်ရေး

ပင်ရင်းဆိုင်ကို အမှတ် ၄၃လမ်း၊ ၁၂၀၊ မြေညီသို့ ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

ဖုန်း-၀၁-၇၃၀၃၆၉၉၁၊
၀၉-၅၁-၁၇၃၉၀၊ ၀၉-၅၁-၇၆၈၄၁။

ခင်မိုးပြည့်(ပါတိတ်)

မင်္ဂလာဈေး မြေညီ ၁၆၉၊ ၁၇၀ ကို အမှတ် J-2 ယုဇနပလာဇာ မြေညီဝင်ပေါက် ၂၄ သို့ ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချနေပါသည်။

ဖုန်း-၀၉-၅၁-၁၂၇၈၅၊ ၂၀၀၆၀၂။

မိုင်းယု၌ ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

မိုင်းယု ဇွန် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယုမြို့၌ သုံးနှစ်တစ်ကြိမ်ကျင်းပသော ရိုးရာ အမျိုးသားနှင့် အမျိုးသမီး လှေလှော်ပြိုင်ပွဲကို မေ ၁၅ရက်မှ ၁၇ရက်အထိ နမ့်လွေချောင်း၌ကျင်းပရာ အမျိုးသား ခုနစ်သင်းနှင့် အမျိုးသမီး သုံးသင်း စုစုပေါင်း ၁၀သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အနိုင်ရ

ယင်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ မိုင်းယု(သက်ကြီး) အသင်းကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ဒွန်းနွဲ့အသင်းကလည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

(မြို့နယ် ပြန်/ဆက်)

ဇွန် ၂ရက်က ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အစည်းအဝေး ခန်းမ၌ ကျင်းပရာ ဝန်ထမ်း သားသမီး ၂၉ဦးအတွက် ငွေကျပ်၁၆၀၀၀၀ နှင့် ဗလာစာအုပ် ၅၈ဒါဇင်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မွန် လတ်က ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်စဉ်။ (၁၃၅)

သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု သား၊ သမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ရက်က ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က ကျောင်းသူတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဦးသာဦးတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရိုင်၊မြို့နယ်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ

လားရှိုး ဇွန် ၂

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဦးသာဦးတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်၊ မြို့နယ်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို မေ ၂၆ရက်က လားရှိုးမြို့ အထက (၁)ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသာဦးက ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းဆွေးနွေးသည်။

မေးမြန်း

ဆက်လက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များက သိရှိလိုသည့်အချက်များကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသာဌေးက ပြန်လည် ရှင်းလင်းပြောကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်၊ ကွမ်းလုံခရိုင်၊ လောက်ကိုင်ခရိုင်များရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို လားရှိုး အထက (၁)၌ မေ ၂၅ရက်မှ ၂၆ရက်အထိ ဖွင့်လှစ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မင်းဘူးမြို့နယ် ဇီးအိုင်အုပ်စု ဇီးအိုင်ကျေးရွာတွင် မေ ၁၅ရက်က ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့်သောက်သုံးရေ ဖြန့်ဝေနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးဖုန်းလွင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

မြဝတီခရိုင် ရဲတပ်ဖွဲ့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်နှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ရုံးခန်းမဆောင်၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးခင်ကျော်က ကျောင်းသား ကျောင်းသူ ၉၀အတွက် ထောက်ပံ့ငွေကျပ် ၇၀၈၆၅၀နှင့် စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်ရာ ကျောင်းသားတစ်ဦးက လက်ခံယူစဉ်။ (၁၀၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

“ဝ”ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၉/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၂ရက်)

“ဝ”ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၈)၊ သိန်းနီလမ်း၊ အမှတ်(ခ-၄/၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော “ဝ”ဒီမိုကရက်တစ်ပါတီအား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

“ဝ”ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၉) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၂

ဇွန် ၁ရက် ည ၁၀နာရီ ၃၂မိနစ် ၃၄စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (တရုတ်နိုင်ငံ ယူနန်ပြည်နယ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ဝ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂-၆-၂၀၁၀

သံတောင်ကြီးမြို့
၄ ဒသမ ၈၈ လက်မ

မော်လမြိုင်မြို့
၃ ဒသမ ၁၉ လက်မ

ရေးမြို့
၂ ဒသမ ၅၆ လက်မ

မုဒုံမြို့
၂ ဒသမ ၅၂ လက်မ